
Bullet to the heart
Stella Su

Bullet to the heart

အခန်း(1)

"ဘာ! မင်း ဘာပြောလိုက်တယ် ဇ"

"........"

"ကိုကြီးရဲ့ သွေးသားရင်းချာ၊ ငါတို့စစ်မိသားစုရဲ့ မျိုးဆက်သစ်တစ်ယောက်က Serpent ဂိုဏ်းကို ဦးစီးချင်တာ ဂုဏ်ယူစရာကောင်းပေမယ့် မင်းတော့မရဘူး သားငယ်....ကယ်ကယ် ခွင့်မပြုနိုင်ဘူး"

ဆိုဖာမှာထိုင်နေသော ဇက ခြေချိတ်မပျက်ပဲ စီးကရက်ကို

ပါးနှစ်ဖက်ချိုင့်ဝင်သွားအောင် သောက်လျက် နှုတ်ဆိတ်နေသည်။ငယ်စဉ်ကတော့ အမွှာသုံးယောက်မှာ မိုင်းနှင့်ဇက မရီးနှင့်တစ်ထေရာတည်းတူပြီး အချစ်လေးတစ်ယောက်တည်းကသာ သူတို့မျိုးရိုးကိုလိုက်သည်။

သို့သော် မိုင်းနှင့်ဇ လူပျိုပေါက်အရွယ်မှာ တဖြည်းဖြည်း

မျိုးရိုးဗီဇပြောင်းပြီး ဂျစ်တီးဂျစ်ကန်နိုင်လာတော့တာပင်။

ညီအစ်ကိုနှစ်ယောက်လုံး စစ်ဘုရင်အသေးစားလေးတွေလို့ မယုံနိုင်ဖွယ်မရှိပါ။အကြီးကောင်မိုင်းကမှ ဂိမ်းခိုးဆော့ရုံလောက်ရှိပေမယ့် စစ်မိသားစု၏ အငယ်ဆုံးသားထွေးလေး ရာဇဝင်စစ်ကတော့ ကိုကြီးမျိုးရိုးကို တထေရာတည်းလိုက်တာဖြစ်၏။

မကောင်းတာမှန်သမျှ ရာဇဝင်စစ် မလုပ်ဖူးတာ၊မသိလိုက်တာမျိုးမရှိ။ အထက်တန်းကျောင်းတက်တည်းက ချိန်းပွဲတွေပါသည်။ရည်းစားခိုး

ထားသည်။ဆရာမငယ်ငယ်လေးတွေကို လိုက်ဖွံကြောင်လို့ ကိုကြီး ဖြေရှင်းခဲ့ရပေါင်းလည်းမနည်းပါ။ကိုကြီးဆိုးတာကတမျိုး ဇ ဆိုးပေတာက တမျိုးထဲမှာ ရှုပ်ပွေခြင်းကိုပါ ထပ်လောင်းပေါင်းထည့်ရမည်။

"ကျွန်တော်က Serpent ဂိုဏ်းကို ဦးစီးတာ မဖြစ်သင့်ဘူးလားကယ်ကယ်၊ ကျွန်တော့်အဘိုးက နယ်စပ်တစ်ခွင်မှာ မသိတဲ့သူမရှိတဲ့ မူးယစ်မှောင်ခိုရေးသမားကြီး.....ဖေဖေက Sနယ်မြေတစ်မြို့လုံး ငြိမ်ဝပ်ပိပြားနေအောင် အုပ်စိုးခြယ်လှယ်ခဲ့တဲ့ဘိန်းရာဇာ....ကယ်ကယ်က အခုလက်ရှိ ငြိမ်းချမ်းရေးနဲ့ယှဉ်တွဲပြီး Serpent ကို အုပ်ချုပ်နေတဲ့ ဂိုဏ်းချုပ်

အဲဒီ့လို ဩဇာတိက္ကမ ရှိတဲ့စစ်မိသားစုရဲ့သွေးတွေ စီးဆင်းနေတဲ့ကျွန်တော်က Serpent ကို မအုပ်ချုပ်နိုင်ဘူးလို့ထင်လို့လား....ကယ်ကယ်က ကျွန်တော့်မှာ အရည်အချင်းမရှိဘူးလို့ တွေးနေတာပဲ"

"ကယ်ကယ် သားငယ်ကို Serpent ဂိုဏ်းချုပ်ရာထူး လွှဲမပေးချင်ဘူးလို့ ထင်မနေနဲ့နော်၊ သားငယ်ကို အထင်သေးနေတာလည်း မဟုတ်ဘူး....သားငယ်ခန္ဓာကိုယ်ထဲမှာ ကိုကြီးရဲ့သွေးအပြည့်စီးဆင်းနေတာ ကယ်ကယ်သိတယ်၊ ဒါပေမဲ့ ကယ်ကယ်သားအဖေကို သစ္စာမဖောက်နိုင်ဘူး"

ဇက ငယ်စဉ်ကတော့ သူ့အမေနှင့်ရုပ်ချင်းဆင်တယ်ထင်ရပေမယ့် ကြီးလေ ကိုကြီးနှင့် ပိုတူလာလေပါ။စကားပြောဆိုပုံ၊စိတ်ဆတ်ပုံ၊စိတ်မြန်လက်မြန်ရှိပုံတို့က ကိုကြီးကိုယ်ပွားအတိုင်း ထုဆစ်ထားသလို ဖြစ်၏။ငယ်စဉ်တည်းက မျက်နှာချိုချိုနှင့်အမြဲ ရယ်မောနေတတ်သည့် ဇ လေးက နိုင်ငံခြားမှာကျောင်းသွားတက်ပြီး မြန်မာပြည်ခဏပြန်လာစဉ်မှာ လုံးဝတခြားတစ်ယောက်လိုပြောင်းလဲသွားခဲ့သည်။

အရယ်အပြုံးသိပ်မရှိပဲ တစ်ယောက်တည်း အခန်းတွင်းအောင်းနေတတ်သည်။တစ်ခါတစ်လေ မိုးလင်းကမိုးချုပ် အပြင်မှာပဲရှိနေတတ်သည်

ဟု ကိုကြီးက ဖွင့်ဟပြောခဲ့ဖူး၏။

'ဇ ကို ငါ့ရဲ့သရုပ်မှန်အကြောင်း ပြောလိုက်တယ် သခင်.....သူ အတုယူသင့်တာ ယူရအောင်၊ လမ်းမှားရောက်နေရင် ပြင်ရအောင် ငါ အကုန်သင်ပေးခဲ့တယ်....ဒါပေမဲ့ အဲဒီ့ကလေး ပညာတော်သင်က ခဏပြန်လာတဲ့အချိန် အကုန်ပြောင်းလဲသွားတယ်....

သူ နိုင်ငံခြားသွားနေတဲ့တစ်နှစ်အတွင်း ဟိုမှာဘာတွေဖြစ်လာခဲ့လဲတော့ မသိဘူး....အရင်က အချစ်လေးတစ်ယောက်ပဲ ငါနဲ့တူမယ်လို့ ထင်ခဲ့တာ၊ အခု သားငယ်က ငါ့ခြေရာလိုက်နင်းတော့မယ်ထင်တယ် သခင်....ငါ့လိုမျိုးသူ့ကို အမှောင်ထုထဲမဝင်စေချင်ဘူးကွာ'

မနှစ်က ပြင်ဦးလွင်သွားတော့ ကိုကြီးက ထိုသို့ဖွင့်ပြောခဲ့တာပါ။ယခုတော့ ကိုကြီးခန့်မှန်းချက်အတိုင်း ဇ က စစ်ဘုရင်၏ခြေရာကို တစ်ထပ်တည်းလိုက်နင်းတော့မည်လေ။ကိုကြီးကိုယ်တိုင်က ဒုစရိုက်လောကကို နှစ်ပေါင်းများစွာ ကြီးစိုးခြယ်လှယ်ခဲ့ပေမယ့် သူ့ရင်နှစ်သည်းချာတွေကိုတော့ လုံးဝ အမှောင်ဂိုဏ်းထဲ ခြေတစ်လှမ်းမ မလှမ်းစေချင်ပါ။

'သခင် တစ်နေ့နေ့ တစ်ချိန်ချိန် ဇ မင်းဆီကို ရောက်လာခဲ့ရင် သေချာပေါက် ပြင်ဦးလွင်ကို ပြန်ပို့ပေး....ကြိုက်တဲ့နည်းနဲ့ဖမ်းချုပ်ပြီး လေယာဉ်ပေါ်ပစ်တင်ပေးလိုက်....အဓိက အဲဒီ့ကလေး အသက်ပါလာဖို့ပဲ'

ကိုကြီးက အဲဒီ့နည်းအထိပါ သေချာမှာခဲ့တာဖြစ်သည်။ဖြစ်ချင်တော့ လန်ဒန်မှာ ကျောင်းသွားတက်နေသော ဇ က လွန်ခဲ့သည့်တစ်ပတ်ကမှ သူ ဟိုမှာ ပျင်းလာပြီဆိုတဲ့အကြောင်းနှင့် Serpent စံအိမ်ကို တစ်ခါလောက် ရောက်ဖူးချင်သည် ဟု သူ့အား mailပို့လေသည်။

အဖေဖြစ်သူက ဇ ကိုSerpentစံအိမ်အကြောင်း ပြောပြထားလေတော့ သူ့ကိုမြင်တာနှင့် Serpentကို ခေါ်သွားဖို့ပဲ တကျီကျီပူဆာနေတာပင်။တူတော်

မောင်တွေမျက်နှာတစ်ချက်ညှိုးတာမခံနိုင်သည့်သူကလည်း 'ငါ့ တူလေး ရေခြားမြေခြားမှာ ပညာသင်နေရတာ အရမ်းပင်ပန်းနေမှာပဲ၊ စိတ်ပြေ လက်ပျောက်စံအိမ်တော်မှာ နားပါစေ' ဆိုပြီး ကိုကြီးတို့ကိုတောင် အကြောင်းမကြားပဲ Serpent၏ private ရဟတ်ယာဉ်ဖြင့် ဗညားတို့ကို အခေါ်လွှတ်ခဲ့မိလိုက်သည်။

Serpentကို ရောက်လာတော့မှ ရာဇဝင်စစ်က သူ့ကို နှစ်နှစ်ဆယ်ကြာ အိုစာသွားအောင် ဆင်းရဲဒုက္ခတွေ တပွေ့တပိုက်ကြီးနှင့်ဆီးကြိုခြင်းပြု လေ၏။

"ကယ်ကယ့်မှာလည်း သားသမီးကျောထောက်နောက်ခံမရှိတဲ့အတွက် သားငယ် ဂိုဏ်းထဲဝင်လာတာကို အရမ်းဂုဏ်ယူတယ်ကွ....ဒါပေမဲ့ သား ငယ် အမှောင်လမ်းကို တမင်ရွေးလျှောက်တာကိုသာ ကိုကြီးသိရင် ရင်ကျိုး မှာသိလား....မင်းတို့ညီအစ်ကိုကို Serpentထဲ ခေါ်သွင်းဖို့ ကယ်ကယ် လေသံပစ်ဖူးပေမယ့် မင်းအဖေက လုံးဝကို စကားလမ်းကြောင်းမဟခဲ့တာ"

"ဖေဖေက ကျွန်တော့်ကိုအရမ်း စိုးရိမ်လွန်ကဲနေတာ ကယ်ကယ်၊ ဘယ် မိဘကမှတော့ ကိုယ့်သားသမီး ခရောင်းလမ်းကိုလျှောက်တာ မနှစ်မြို့ကြ ပေမယ့် အဘိုးကိုယ်တိုင်ကလည်း ဖေဖေ့ကို မနိုင်လို့ လွှတ်ထားရတာလေ

ကယ်ကယ့်မှာ သားသမီးလည်းမရှိဘူး၊ဇနီးမယားလည်း မရှိ ဘူး....နောင်တချိန် Serpentကို ဘယ်သူ့လက်ထဲ လွှဲပေးခဲ့မှာလဲ....အဘိုးရဲ့ သွေးချွေးနဲ့ တည်ဆောက်ခဲ့တဲ့ Serpent ဂိုဏ်းကြီးကို စစ်မိသားစုမဟုတ်တဲ့ လူတစ်ယောက်ယောက်က ဆက်ခံရမှာလား"

ဒီကောင်လေးစကားကို ရှေ့မကြည့်နောက်မကြည့်ပြောတတ်တာက မရီး ဖြစ်သူနှင့်သွားတူတာပင်။သူ့မှာလည်း တူတော်မောင်တစ်ယောက်ကြောင့် မနက်တည်းက လုပ်ရမည့်ကိစ္စတွေကို လက်အောက်ငယ်သားတွေနှင့်

လွှတ်ထားရသည်။သွားဖို့လာဖို့ရှိတာတွေကိုလည်း အကုန်ဖျက်သိမ်းထားရ၏။

ဧ ကို ဒီ့ထပ်ပိုပြီး ဖျောင်းဖျဖို့ ပါးစပ်ဟဖို့ပြင်လိုက်သော်လည်း နောက်ထပ် အန္တရာယ်တစ်ခုက ဆီးကြိုလို့နေသည်ပင်။

"သခင်ကြီးက ဖုန်းဆက်ပါတယ်ဗျ Boss.....သခင်လေး

Serpent မှာရှိနေလားလို့ မေးနေပါတယ်"

ဗညားက အခန်းထဲဝင်လာ၍ပြောလျှင် သခင် ခေါင်းမီးတောက်သွားရသည်။သွားပြီ သွားပြီ! စစ်ဘုရင်နှင့် ရာဇဝင်စစ်ကြားထဲမှာ သူ ဘယ်လိုရပ်တည်ရမလဲ မသိပါ။ကိုကြီးဖုန်းကို မကိုင်လျှင် Serpent ထိ ဒေါင်းချီမောင်းချီလိုက်လာလိမ့်မည်။ကိုင်လိုက်ပြန်လျှင်လည်း နားမှဒိန်းကျင့်တာထက် ပိုဆိုးသောစကားသံတို့ကို လိမ့်ပိမ့်ခံရဦးမည်။

တူတော်မောင်ရာဇဝင်စစ်ကတော့ စီးကရက်ကို လက်ကြားညှပ်၍ ကျန်လက်တစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်ကာ အေးအေးလူလူ ဆင်းသွားလေတော့သည်။

***

ယခုလို သာယာအေးချမ်းသော Sနယ်မြေဖြစ်တည်လာဖို့ရာအတွက် အသက်ပေါင်းများစွာကို ပေးဆပ်ခဲ့ရသည်။လူပေါင်းများစွာ အိုးအိမ်ယာမဲ့ဖြစ်ခဲ့ရသလို မိသားစုတွေလည်း ရှင်ကွဲကွဲသူကကွဲ၊သေကွဲကွဲသူကကွဲနှင့် ကလေးသူငယ်တွေလည်း မိဘဖြစ်ခဲ့ရသည်။မိဘမဲ့ဖြစ်ခဲ့သောကလေးတွေထဲမှာ မီးလည်းတစ်ယောပ်အပါအဝင်ပါ။

Serpent ဆိုသည့်ဒုစရိုက်ဂိုဏ်းလောကက Sနယ်မြေကို လက်ဝါးကြီးအုပ်ရန် မြို့ခံတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ထိုသို့ နယ်ခံတွေကို

သတ်ပစ်ခြင်းဖြင့် သူတို့အမိန့်အာဏာကိုဖီဆန်လို့မရအောင်၊တနည်းအားဖြ င့် သူတို့ဩဇာညောင်းအောင် ဗီတိုအာဏာသုံးပြီး တခြားသူတွေသိအောင် သက်သေပြလိုက်သည့်သဘောပါ။

Serpent ဂိုဏ်းသားတွေရောက်မလာခင်အထိ မီးသည်လည်း ပျော်ရွှင်စရာ မိသားစုအသိုက်အမြုံလေးကို ရရှိခဲ့သည်။ပါးပါးနှင့်မားမားက တစ်ဦးတည်းသော မီးကို တုန်နေအောင်ချစ်ခဲ့၏။ငွေရေးကြေးရေးချမ်းသာကြွယ်ဝခြင်းမရှိသော်ငြား ချစ်ခြင်းအတိဖြင့် ပြည့်နှက်နေသော မီးတို့မိသားစုဘဝက မုန်တိုင်းမလာခင် လေပြည်လေညင်းရိုက်ခတ်နေသလိုပါ။

Serpentဆိုသော မကောင်းမှုတွေကြီးစိုးနေသည့် အမှောင်လောကထဲရဲ့ ပစ်မှတ်က ပန်းပဲဖိုခေါင်းဆောင်ဖြစ်သည့် ပါးပါးအပေါ်သက်ရောက်လာခဲ့သည်။ဓားလက်နက်ပေါင်းများစွာကို သွန်းလုပ်ခဲ့သောပါးပါးက သူ့လက်နက်တွေကို အကုသိုလ်ကျူးလွန်သောနေရာကို မရောက်စေချင်ခဲ့ပေ။

Serpent ဂိုဏ်းအတွက် ဓားပေါင်းများစွာသွန်းလုပ်ဖို့ညှိနှိုင်းခဲ့ပေမယ့် ခေါင်းမာလွန်းသည့်ပါးပါးက ငြင်းဆန်ခဲ့သည်။ဒါကြောင့်လည်း မီးကို လူ့လောကအလယ်မှာ တစ်ယောက်တည်းထားခဲ့ကာ မားမားနှင့်အတူ ထွက်ခွာသွားခဲ့၏။မကောင်းဆိုးဝါးဒုစရိုက်ဂိုဏ်ကြီးကလည်း ထိုအချိန်မှစ၍ သူတို့အမိန့်အာဏာကို ဖီဆန်ခဲ့တဲ့လူမှန်သမျှ သတ်ပစ်ဖို့ဝန်မလေးခဲ့ပေ။

"မီး နင် ဓားသိုင်းကျင့်နေတာ အရမ်းအားပါလှချည်လား၊ ဘာတွေများ မကျေနပ်စရာရှိနေလို့လဲ"

အစ်ကိုသောကက ပုခုံးပုတ်၍ မေးလာလျှင် သစ်သားဒိုင်းကိုထိုးဖို့ပြင်နေသော လက်ထဲမှ ဓားအား ပြန်ချလိုက်ရသည်။အစ်ကိုသောကက ရေသန့်ဘူးဖွင့်၍ မီးကို ကမ်းပေးလျှင် တစ်ဝက်မျှကုန်အောင် သောက်ရင်း ပါးစပ်

တစ်ဝိုက်မှာဖိတ်ကျသွားသောရေများကို ပတ်တီးစီးထားသောလက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်ချလိုက်၏။

ကျားအုပ်စု၏စစ်ရေးပြကွင်းမှာ လေ့ကျင့်ရေးဆင်းနေသော ကလေးအများစုက စစ်ဘေးရှောင်သူတွေ၊မိဘမဲ့ကလေးတွေ၊အိုးမရှိ အိမ်မရှိလူငယ်တွေဖြစ်၏။ကျားအုပ်စုက တစ်ကောင်ကြွက်ကလေးငယ်များကို သူတို့ဂိုဏ်းထဲခေါ်သွင်းကာ စစ်အင်အားတောင့်တင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ထရိန်နင်ပေးကြတာပင်။

"ဒီလိုပါပဲ၊ အစ်ကိုသောကကရော တောထဲကို အမဲလိုက်ဖို့

သွားတာမဟုတ်ဘူးလား....ဘာလို့ ပြန်လာတာလဲ"

"ဦးဒီပတို့က မူးယစ်ဆေးမှောင်ခိုဝယ်တဲ့တရုတ်လူမျိုးတစ်ယောက်နဲ့ အရေးတကြီးတွေ့စရာရှိလို့ လမ်းတဝက်တင် ပြန်လှည့်လာတာ"

အစ်ကိုသောကက နယ်စပ်မှာ စစ်မက်ဖြစ်ပွားတော့ စစ်ဘေးရှောင်လာသည့်သူဖြစ်၏။မီးကတော့ တစ်ကောင်ကြွက်ပီပီ ဆယ်နှစ်သမီးနှင့် ကျားအုပ်စုထဲရောက်လာခဲ့သူပါ။ယခုဆိုအစ်ကိုသောကနှင့်ရင်းနှီးကျွမ်းဝင်တာ ငါးနှစ်ကျော်သွားပါပြီ။

လက်နက်ရေးရာမှာ သူမတူအောင် ကျွမ်းကျင်တတ်မြောက်ထားသည့် အစ်ကိုသောက က မခေသူမို့ ဦးဒီပတို့က အားကိုးအားထားနေရပြီး မီးတို့လူငယ်အုပ်စု၏ စစ်ခေါင်းဆောင်ဖြစ်နေတော့သည်။

"ဩော်"

"နင် အရင်ကအကြောင်းတွေ ပြန်တွေးနေပြန်ပြီလား မီး၊ အဲဒါကြောင့် ဓားကို ကျစ်ကျစ်ပါနေအောင်ဆုပ်ထားပြီး မြင်မြင်သမျှလိုက်ခုတ်ယမ်းနေတာလား"

"အရင်ကအကြောင်းတွေကို မီး ပြန်တွေးနေတာမဟုတ်ဘူး အစ်ကို....နှစ်ဆယ့်လေးနာရီလုံး တစ်မိနစ် တစ်စက္ကန့်မှ မေ့လို့မရတာ...."

"ငါတို့လည်း Serpent ဂိုဏ်းကို သေချာပေါက် ဖြိုခွင်းပစ်မှာပါ...နင် စိတ်ကိုလျှော့ချထားတာပိုကောင်းမယ် မီး....နင်က အရမ်းစိတ်ဓာတ်ပြင်းထန်လွန်းတယ်....အထူးသဖြင့် ဓားရှည်ကိုင်ထားတဲ့အချိန်ဆို နင့်ကိုယ်ထဲနတ်ဆိုးတစ်ကောင်ဝင်ပူးနေသလိုပဲ"

မီးကို အစ်ကိုသောကက အမြဲသွန်သင်ဆုံးမတတ်သူဖြစ်သည်။ယခုလက်ရှိ ကွင်းထဲမှာ စစ်ရေးလေ့ကျင့်နေသူတွေက နောင်တချိန် Serpent ဂိုဏ်းကို အမြစ်ဖြတ်သုတ်သင်ရှင်းလင်းဖို့ စိတ်အားထက်သန်နေသူတွေသာပင်။

လူငယ်တွေအားလုံး ကိုယ့်ခံစားချက်နှင့်ကိုယ်ပါ။သူတို့

သိတာက ဝမ်းစာဝဖို့၊ထမင်းစားရဖို့ ဘာမဆိုလုပ်မည်ဆိုသည့် အတွေးပဲရှိကြ၏။မီးကိုယ်တိုင်က ဘာမှမဟုတ်သေးသော်လည်း Serpent ကို မုန်းသည့်စိတ်ကတော့ ရင်တွင်းထဲမှာ အဆမတန် ကြီးထွားလျက်ပါ။ဖြစ်နိုင်လျှင်မြစ်တစ်ဖက်ကမ်းမှာရှိသည့် စံအိမ်တော်ကြီးကို မီးလောင်တိုက်သွင်းချင်တော့၏။

"အစ်ကို သိလား.....လောကမှာ ခွန်အားကြီးတိုင်း နိုင်တယ်လို့မဆိုလိုဘူး၊ လောကမှာ 'လုပ်ချင်တဲ့ စိတ်' တစ်ခုတည်းကသာ အနိုင်ယူသွားတာ.....မီး သေချာပေါက် Serpent ကို လူမျိုးတုန်းသတ်ဖြတ်ပစ်မယ်၊ သူတို့လုပ်ခဲ့တဲ့လုပ်ရပ်နည်းတူ သွေးချောင်းစီးအောင် လုပ်ပြမယ်"

ဓားရိုးကိုကျစ်နေအောင်ကိုင်ထားသော မီးရဲ့ ခက်ထန်နေသောမျက်နှာက ဆုံးဖြတ်ချက်ချထားပုံကို လုံးဝမပြင်တော့

သည့်အကြောင်း ခိုင်မာစွာသက်သေထူလျက်ရှိသည်။

Serpent ဂိုဏ်းခေါင်းဆောင်နဲ့ဂိုဏ်းသားတွေအားလုံး

တချိန်မှာ နတ်သမီး ခြေဖဝါးအောက်ကို သက်ဆင်းစေရမယ်။

***

"ကိုကြီး၊ သားငယ်ရောဟင်.....သားငယ် ဘယ်မှာလဲ"

သတိလစ်ရာက ပြန်နိုးလာလာချင်း သားငယ်ဖြစ်သူကို အရင်ဆုံး ဦးဦးဖျားဖျားမေးလာသည့် ချစ်ခြင်းကြောင့် အမွှာသုံးယောက် မွေးကင်းစ အရွယ်ကို သူ ပြန်တွေးမိလာသည်။ထိုစဉ်အချိန်ကလည်း ချစ်ခြင်းက သတိရလာလာချင်း 'ကလေးတွေရော'ဟု အရင်ဆုံးမေးခဲ့သည်လေ။

မနက်က ဇ ပို့လာသော မက်ဆေ့ချ်တစ်စောင်ကြောင့် လင်မယားနှစ်ယောက်လုံး ပျာယာခတ်သွားပြီး ဇ ဆီဖုန်းဆက်ခဲ့ပေမယ့် ထိုကောင်လေးက onlineပေါ်မှာရှိမနေခဲ့ပါ။

'ဖေဖေ ကျွန်တော် မြန်မာနိုင်ငံပြန်လာပြီ' ဆိုသည့်မက်ဆေ့ချ်ကြောင့် သူ ထိတ်လန့်သွားခဲ့ရသည်။ကျောင်းပြီးဘွဲ့ရဖို့

တစ်နှစ်သာလိုတော့သည့်အချိန် ဇ က မြန်မာနိုင်ငံကို ရုတ်ချည်းပြန်ရောက်လာခဲ့၏။တစ်ဖက်မှ စာသင်ကျောင်းကို ဖုန်းဆက်တော့လည်း ဇ ကျောင်းနားပြီး မြန်မာနိုင်ငံကို ပြန်လာသည်ဆိုတဲ့အကြောင်း၊ ဇ ကို private လေယာဉ်ဖြင့် လာကြိုသွားသည်ဆိုတဲ့အကြောင်း တာဝန်ရှိသူက ပြောပြခဲ့သည်။

"သားငယ်ရောလို့ ကိုကြီး! သားငယ် Serpent မှာတဲ့လား ဟင်....ဟုတ်လား"

"အင်း"

သားငယ်ဖြစ်သူသတင်းကိုကြားကြားချင်း မေ့လဲသွားသော ချစ်ခြင်းက ဒု တိယမ္မိ ရင်ဘတ်ကိုဆုပ်ကိုင်ထားလေသည်။ဇ ကို ရဟတ်ယာဥ်ဖြင့် လာ ခေါ်သွားတာက သေချာပေါက် Serpent ဘက်ကပဲ ဖြစ်နေသဖြင့် သခင့်ကို ဖုန်းဆက်လိုက်ရာ ' ဇ စံအိမ်ကိုရောက်နေပြီ' ဖြစ်ကြောင်း အသိပေးလာ တော့သည်။

ထို့ပြင် သူ ခန့်မှန်းထားသော၊တချိန်ချိန်မှာ ဖြစ်လာနိုင်ဖွယ်ရှိသော ထိတ် လန့်ဖွယ်ရာသတင်းဆိုးကြီးကလည်း သူ့အား ဆီးကြိုလျက်ရှိ၏။သခင်က သူ့အား သတင်းဆိုးကိုပြောပြသည့်အချိန် အရမ်းကြီး ပျာယာခတ်မသွားခဲ့ ပါ။

အဘယ်ကြောင့်ဆိုသော် သားငယ်ကို သူ့လျှို့ဝှက်ချက်တွေ ဖွင့်ပြောလိုက် သည့်အချိန်မှစ၍ သားငယ်ဟာ သေချာပေါက် လမ်းမှားကိုလိုက်တော့မည် ဆိုတာ ဖခင်ရဲ့အလိုလိုသိစိတ်ဖြင့်

ရိပ်မိလိုက်ရသည်။

နောက်ပိုင်းလည်း သားငယ် တဖြည်းဖြည်းပြောင်းလဲလာပြီး သူနှင့် အကျ င့်ဗီဇတော်တော်လေးတူလာခဲ့၏။သားငယ် သူငယ်ချင်းတွေနှင့် အပျော်တမ်းသေနတ်ပစ်တိုင်း၊တောထဲကို အမဲလိုက်သွားတိုင်း သူ တွေးနေ မိတာက တစ်နေ့နေ့ တစ်ချိန်ချိန် သားငယ်ဟာ Serpent ဂိုဏ်းကို ဝင်ချင် သည် ဟု သေချာပေါက် ဖွင့်ပြောလာမှာကိုပါပဲ။

"အဲဒီ့ကလေးဟာလေ အမေကို အမြဲစိုးရိမ်ပူပန်အောင်လုပ်နေတာပဲ..... ဒီနှစ်ပိုင်း သားငယ်က မျက်နှာသုန်မှုန်ပြီး တစ်ခုခုကို အလိုမကျဖြစ်နေ တော့ Serpentမှာ စိတ်ပြေလက်ပျောက် ခဏတဖြုတ်သွားနေခိုင်းလိုက်ပါ ကိုကြီးရယ်

သားငယ် ဟိုမှာ ကျောင်းသွားတက်ရတာလည်း သိပ်မပျော်ဘူးထင်ပါ

ရဲ့.....Serpent မှာက သူ စိတ်ဝင်စားတဲ့အရာတွေ အများကြီးမဟုတ်လား.....စံအိမ်တော်နဲ့ မလှမ်းမကမ်းမှာ မြင်းဇောင်းတစ်ခုရှိတယ်လို့ပြောတော့ မြင်းစီးရတာကြိုက်တဲ့ ဇ လေး ပျော်နေတော့မှာပဲ"

".........."

"သားငယ် ပြန်လာရင် ကိုကြီး ဖိဟောက်မနေနဲ့ဦးနော်၊ ချစ်ခြင်းတို့ကလေးတွေက ရေခြားမြေခြားမှာ ပညာသွားသင်ရတော့အိမ်ကိုအရမ်းလွမ်းနေမှာသိလား"

"သားငယ် Serpent ကို ခဏတဖြုတ်သွားတာ မဟုတ်ဘူး

ချစ်၊ ပြီးတော့ သူ ကိုယ်တို့ဆီကိုလည်း ပြန်လာမှာ မဟုတ်တော့ဘူး"

"ဘာရယ်!"

ကိုကြီးက ပွင့်ပွင့်လင်းလင်းမပြောပဲ ခေါင်းငုံ့သွားလျှင်

ချစ်ခြင်း စိုးရိမ်လာရပြန်သည်။သားငယ်နှင့် ပတ်သက်ပြီး

ကိုကြီး ဘာတွေ ထပ်သိထားတာလဲ။သားငယ်က Serpent မှာ ခဏတဖြုတ်မနေဘူးဆိုတာကရော ဘာလဲ။

"သားငယ် Serpent ဂိုဏ်းထဲဝင်ဖို့ အမှောင်လမ်းကို ရွေးလျှောက်ဖို့ ဆုံးဖြတ်လိုက်ပြီ ချစ်"

"........"

"ချစ်!"

ရင်သွေးတွေနှင့်ပတ်သက်လာလျှင် တစ်စက်မှအထိခိုက်မခံနိုင်သောချစ်ခြင်းက နှစ်ကြိမ်မြောက် ခွေခနဲလဲကျသွားပြန်သည်။ချစ်ခြင်းက အရမ်းစိတ်ဓာတ်မနူးညံ့သော်လည်း ကလေးတွေကိုတော့ လွန်စွာစိုးရိမ်စိတ်ကြီးမားသူဖြစ်လေသည်။ချစ်ခြင်းကို အိပ်ရာထက် အသာပွေ့ချီပြီး စောင်ခြုံပေး

ကာ သက်ပြင်းဖွဖွချလိုက်မိ၏။

Serpentကို ခြေမချခဲ့တာ၊Serpentနှင့်ပတ်သက်ပြီး ခေါင်းထဲလုံးဝမတွေးခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်သွားပါပြီ။ယခုတော့ သားငယ်ဖြစ်သူအရေးကြောင့် သူကိုယ်တိုင် ရှေ့ထွက်ပြီး ဝင်ကာမှဖြစ်တော့မည်။

"ချစ်ဘေးနားကို သားငယ်ကိုအပါခေါ်လာပြီး ကိုယ်ပြန်လာခဲ့မယ်..... ကိုယ် Serpentကို ချက်ချင်းလိုက်သွားမှဖြစ်မှာမို့ခဏလောက် စောင့်နေပေးနော်"

ချစ်ခြင်းကို အရီးနန်းနှင့်ထားခဲ့ကာ သူကတော့ အထုပ်အပိုးဆွဲပြီး Serpentမှ လေယာဉ်ကို စောင့်ဆိုင်းနေလိုက်သည်။ဇ ကို အမြန်ဆုံး ပြင်ဦးလွင်ကိုပြန်ပို့ဖို့ သခင့်ကို အမှာပါးလိုက်သော်လည်း ဇ ကိုနိုင်မည့်လူက သူတစ်ယောက်တည်းသာ ရှိ၏။

ချစ်ခြင်း စိတ်ဆိုးသွားမည်ဆိုတာ သိသော်လည်း ဇ ကို မသေရုံတမယ် ဖမ်းဆွဲခေါ်လာဖို့ကို သူ ဝန်မလေးပါ။ထိုကောင်လေးအမှောင်လမ်းကိုမလျှောက်တာကလွဲပြီး ကျန်တာဘာဖြစ်ဖြစ်ပါ။

***

## အခန်း(2)

Serpentစံအိမ်တော်ကြီး၏ ဧည့်ခန်းမထဲမှာ ခမ်းနားထည်ဝါစွာ ချိတ်ဆွဲထားသော ဓာတ်ပုံကြီးသုံးပုံရှိသည်။တစ်ပုံက Serpentဂိုဏ်းကို ပထမဆုံး စတင်တည်ထောင်ခဲ့သည့် ဂိုဏ်းချုပ်ကြီးဦးစစ်အောင်၊ ဒုတိယတစ်ပုံက ဒုတိယဂိုဏ်းချုပ်ဖြစ်လာသည့် ဦးစစ်ဘုရင်။Serpentစံအိမ်တော်ရှေ့မှာ ရိုက်ကူးထားသောဓာတ်ပုံထဲဝယ် ပိုးထည်ဝမ်းဆက်ကိုကျက်သရေရှိစွာ ဆင်မြန်းထားသော မေမေက နူတ်ခမ်းစွန်းမယောင်ပြုံးရင်း ဖေဖေ့လက်ကို ဆုပ်ကိုင်ထားသည်။

ယခုလည်း အရွယ်တင်နေဆဲဖြစ်သည့်မေမေက ဓာတ်ပုံထဲမှာလည်း ဆံပင်ဂုတ်ဝဲနှင့် နုပျိုလန်းဆန်းသောမိန်းမငယ်လေးအသွင်ပုံပေါက်နေ၏။ ဤဓာတ်ပုံကို သူ ယခုမှ မြင်ဖူးခဲ့သော်လည်း ကျက်သရေမင်္ဂလာရှိသောထို ဓာတ်ပုံက ဖေဖေနှင့်မေမေရဲ့ကြင်စဦးအချိန်က စုံတွဲဓာတ်ပုံဖြစ်ပါလိမ့်မည်။မေမေက ဖေဖေနှင့် အိမ်ထောင်ပြုခဲ့စဉ်က အသက်နှစ်ဆယ်ကျော် အရွယ်ပဲရှိသေးသည်ဟု သူတို့မောင်နှမအား ပြောခဲ့ဖူးသည်လေ။

Serpentစံအိမ်တော်နှင့် ဖေဖေက ကျောခိုင်းခဲ့သော်လည်း

နေရာတိုင်းမှာ ဖေဖေ့လက်ရာခြေရာတွေရှိသေးသည်ဟု ကယ်ကယ်က ဆို၏။အလုပ်ခန်းထဲမှာလည်း ယခုချိန်ထိ ဖေဖေ့ဓာတ်ပုံကို ချိတ်ဆွဲထားသေးသည်။အပေါ်ထပ်က ဖေဖေနှင့်မေမေရဲ့အိပ်ခန်းကိုလည်း ယခုချိန်ထိ သန့်ရှင်းရေးလုပ်ပြီး အခန်းတံခါးဖွင့်ထားဆဲပါ။

"သားငယ် မင်းမေမေ မင်းကြောင့် သတိလစ်သွားတာ တနေ့တည်းနဲ့ နှစ်

ခါရှိပြီတဲ့"

ပုလ္လင်ပေါ်မှာခြေချိတ်ထိုင်နေသော ကယ်ကယ့်ရဲ့ဓာတ်ပုံကိုကြည့်နေသည့်အချိန်မှာပဲ ကယ်ကယ်က သူ့ဘေးနားရောက်လာခဲ့သည်။သူ ကယ်ကယ့်ကို လှည့်မကြည့်ဖြစ်ပဲ ဘောင်းဘီအိတ်ထဲသို့ လက်နှစ်ဖက်ထည့်ရင်း ဧည့်ခန်းထဲက တန်ဖိုးကြီးလက်မှုပစ္စည်းတွေဆီသာ အာရုံလွှဲထားလိုက်၏။

"မင်းဖေဖေလည်း ဒီကိုလိုက်လာပြီ ဧ.....နှစ်နှစ်ဆယ်ကျော်ကြာ Serpent နဲ့ ရှင်ခန်းဖြတ်ထားတဲ့ ကိုကြီးက မင်းကြောင့် Serpent စံအိမ်တော်ကို နောက်တစ်ခါ ထပ်ခြေချရတော့မယ်"

"ဖေဖေလိုက်မလာတာကမှ ပိုထူးဆန်းနေတာပေါ့ ကယ်ကယ်၊ ကျွန်တော့်ကြောင့်မှ မဟုတ်ဘူး....မိုင်းနဲ့မိချစ် တစ်ခုခုဖြစ်လည်း ဖေဖေက ရောက်တဲ့အရပ်က ချက်ချင်းပြေးလာမှာပဲ....အဲဒီ့အရပ်က ငရဲဘုံဖြစ်ဖြစ်၊ သေတွင်းပဲဖြစ်ဖြစ်"

"မိဘမေတ္တာကို သားငယ် ခံစားတတ်ရင်လည်း ကိုကြီးနဲ့မရီးကို စိတ်ဆင်းရဲအောင် မလုပ်နဲ့လေကွာ.....ကိုကြီး ပြန်လာရင် လိုက်သွားဖို့ အသင့်ပြင်ထားတော့"

သူတို့ငယ်စဉ်ဘဝမှာ ခါးပတ်ကိုလည်း မကြောက်ရွံ့ခဲ့ရ။ဂေါက်တံကိုလည်း ကစားစရာကလွဲပြီး ကျန်သည့်နေရာမှာ

အသုံးချမခံခဲ့ရပေ။မိချစ်ကလွဲပြီး သူတို့ညီအစ်ကိုနှစ်ယောက်ကို ခေါင်းခေါက်ရုံ၊နားရွက်လိမ်ဆွဲရုံကလွဲပြီး လက်သီးနှင့်တောင်မရွယ်ဖူးသည့် ဖေဖေက ယခုတစ်ခေါက် သူ့ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး တော်တော်စိတ်ဆိုးသွားပုံဖြစ်မည်။ဘာကိုမှ မစဉ်းစားပဲ မဆိုင်းမတွ Serpent အထိ လိုက်လာပုံထောက်ရင် သေချာပေါက် သူ့ကို လူအင်အားသုံးပြီး ဖမ်းခေါ်သွားမှာပင်။

"ကျွန်တော် တောအုပ်ဘက်ကို အမဲလိုက်ထွက်ချင်တယ်

ကယ်ကယ်.....shot gunတစ်လက် ယူသွားမယ်"

"အဲဒီ့တောထဲမှာ ဝံပုလွေတစ်ကောင် ကျက်စားနေတယ် ဇ.....

ဝံပုလွေက တော်တော်သွေးဆိုးတယ်.....ဝါရင့်မုဆိုးတွေတောင် အဲ့ကောင်ကို မဖမ်းနိုင်လို့ လက်မြှောက်အရှုံးပေးထားရတာ....မင်း သွားလို့မရဘူး"

"သွေးဆိုးနေတယ်ဆိုတဲ့ကောင်ကို သူ့ထက်ပိုသွေးဆိုးတဲ့

ရာဇဝင်စစ်က အစွယ်ချိုးပစ်ရမှာပေါ့.... ဒီလောက်အရဲတင်းတဲ့ အကောင်မျိုးကို တစ်ခါလောက် မြည်းစမ်းကြည့်ချင်နေတာ....အခုတော့ ဖမ်းရကံကြုံပြီပေါ့"

နံရံမှာချိတ်ထားသော အမဲလိုက်သေနတ်ရှည်တစ်လက်ကို

ဖြုတ်၍ ကျည်ထည့်နေသော တူဖြစ်သူကိုကြည့်ပြီး သခင်

ဘာပြောရမှန်းမသိတော့ပါ။ဇ သေနတ်ပစ်တတ်တာကိုလည်း မနေ့ကမှစကားစပ်မိ၍သိရသည်။

ကိုကြီးက နိုင်ငံခြားမှာနေသော ဇ ကို သေနတ်ပစ်ခွင့်ပေးထားပြီး အမဲလိုက်ဖို့ပါ ခွင့်ပြုထားသည်တဲ့လေ။သူတို့သားအဖချင်း အပေးအယူတည့်ကြသော်ငြား ကိုယ့်နယ်မြေထဲရောက်လာတော့ တူတော်မောင် ဘေးအန္တရာယ်ကင်းရှင်းဖို့က ပထမဦးစားပေးဖြစ်တာမို့

"ကယ်ကယ် ခွင့်မပြုလည်း မင်းသွားမှာသိတယ် ဇ....အဲဒါကြောင့် သက်တော်စောင့်ငါးယောက်တော့ ခေါ်သွားမှဖြစ်မယ်၊ အဲဒါတော့မငြင်းနဲ့"

"ဟုတ်ကဲ့ပါ"

"မင်းဖေဖေမရောက်ခင် အမြန်ပြန်လာခဲ့..... မင်းဖေဖေကို

မတွေ့ချင်လို့ တမင်ရှောင်ထွက်သွားမှန်း ကယ်ကယ်သိတယ်....ဒါပေမဲ့ မင်းတို့မောင်နှမသုံးယောက်ထဲမှာ မင်းကို ကိုကြီးက ဂရုအစိုက်ဆုံးပဲ....အဲဒါကြောင့် မိဘကို စိတ်ပူရအောင်မလုပ်နဲ့"

ဖေဖေရောက်လာလည်း သူ့ဆုံးဖြတ်ချက်ကပြောင်းလဲမှာ

မဟုတ်ပါ။သူ ဒုစရိုက်ဂိုဏ်းမှာခြေချရပ်တည်ဖို့ဆုံးဖြတ်ချက်က နေ့တွင်း ညတွင်း ဖြစ်တည်လာခဲ့တာမဟုတ်ပေ။

မာဖီးယားတစ်ယောက်ဖြစ်ချင်သော သူ့အိပ်မက်အတွက်

ခုနစ်နှစ်လုံးလုံး အချိန်ယူလေ့ကျင့်ခဲ့၏။

သူ့ကိုယ်သူ ကာကွယ်ဖို့ဟု အကြောင်းပြပြီး သေနတ်ပစ်သင်မည်ဟု ခွင့်တောင်းတော့ ဖေဖေက အသာတကြည်ခေါင်းညိတ်ပေးခဲ့ပါသည်။ဖေဖေက ထိုစဉ်တည်းက သူ့အိပ်မက်ကို ခန့်မှန်းမိနေပြီထင်၏။သို့သော်လည်း သူ့အား ဘာမှမေးမြန်းစူးစမ်းခြင်းမရှိပဲ အသက်နှစ်ဆယ်ပြည့်နှစ်မှာ မွေးနေ့လက်ဆောင်အဖြစ် ပစ္စတိုတစ်လက် ပို့ပေးခဲ့သေးသည်။

သူဘာလုပ်လုပ် ခွင့်ပြုပေးခဲ့သော ဖေဖေ့ကို သူကလည်း

ယခုချိန်ထိ တချို့အကြောင်းအရာတွေကလွဲလို့ ဘာမှလျှို့ဝှက်ခြင်းမရှိပဲ အကုန်ထုတ်ပြောခဲ့၏။သို့သော် သူ ထင်ရာစိုင်းခြင်းကိုတော့ ဖေဖေက လုံးဝသည်းခံခွင့်လွှတ်မှာမဟုတ်ပေ။

မေမေ မေ့လဲသွားတာကိုတောင် ပစ်ထားရစ်ခဲ့ပြီး သူ့ဆီ စိုင်းပြေးလာပုံထောက်ရင် ဖေဖေဟာ သူ Serpent ဂိုဏ်းထဲဝင်မည့်အရေးကို တော်တော်စိုးရိမ်ပူပန်နေတာဖြစ်ပါလိမ့်မည်။

"သခင်လေး တောအုပ်ရှေ့ကိုရောက်ပါပြီ"

သက်တော်စောင့်တစ်ဦးက သူ့အားသတိပေးလျှင် တွေးလက်စအတွေးတို့

ကိုရပ်စဲပြီး shot gunတစ်လက်ကို ပုခုံးထက်ထမ်း၍ ဂျစ်ကားထဲကထွက်လာခဲ့သည်။အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများနှင့်ကာရံထားသည့်ကြောက်မက်ဖွယ်ရာတောအုပ်က အနည်းငယ် စိမ်းစိုအုပ်မှိုင်းနေလျက်။

'တာဝန်ရှိသူမှအပ အပြင်လူဝင်ထွက်သွားလာခြင်းမပြုရ'

ဆိုသည့်ဆိုင်းဘုတ်ကို သေနတ်နှင့်ချိန်ကာ အပေါက်များ

ဖြစ်သွားအောင် သူ တဒိုင်းဒိုင်းပစ်ချလိုက်၏။

"သခင်လေး ကျွန်တော်တို့နဲ့ ထပ်ကြပ်မကွာမှာနေပေးပါ.....

ဒီတောအုပ်ထဲက ဝံပုလွေက အရမ်းအန္တရာယ်များတဲ့အတွက် ကျွန်တော်တို့ လူစုမကွဲမှဖြစ်မယ်"

သူက teamwork နှင့်လုပ်ရသည့်အလုပ်တွေကို လုံးဝမနှစ်မြို့ပါ။ အမြဲတမ်း တစ်ကိုယ်တော်ရွက်လွှင့်ချင်တာမို့ သူ့ကို သက်တော်စောင့်ငါးယောက်ဝိုင်းထားသည့်အဖြစ်ကို အနည်းငယ်စိတ်ငြီးငြူလာသည်။

တောအုပ်ထဲဝင်ဝင်ချင်း အကောင်မျိုးစုံရဲ့အသံကို တညံညံကြားနေရသည်။နေမင်းကြီးကလည်း မကြာခင် ကောင်းကင်ယံက ခေတ္တခဏအနားယူတော့မှာဖြစ်သည့်အတွက် သစ်ပင်တချို့ပေါ် နေရောင်ခြည်ဖြာကျရုံကလွဲပြီး တောကြီးမျက်မည်းထဲ အနည်းငယ်မှောင်ရိပ်ကျနေသည်။

"အဲဒီ့ဝံပုလွေက ဘယ်မှာကျင်လည်ကျက်စားထားလဲ"

"တောရဲ့ တောင်ဖက်ခြမ်းကို Serpentက ပိုင်ပြီး ကြိုးတံတားနဲ့သွယ်တန်းထားတဲ့ မြောက်ဖက်ပိုင်းကိုတော့ ကျားအုပ်စုကစိုးမိုးထားပါတယ်ဗျ....ကိုယ့်အပိုင်းနဲ့ကိုယ် အမဲလိုက်မယ့်နေရာတွေ သတ်မှတ်ခွဲခြားပေးထားပြီး ဝံပုလွေကတော့ တောင်ဖက်ခြမ်းရော မြောက်ဖက်ခြမ်းမှာပါ ရှိနေတတ်ပါတယ် သခင်လေး"

"ကျွန်တော်တို့ ကြိုးတံတားကိုဖြတ်ပြီး မြောက်ဖက်ပိုင်းကို ဝင်လို့ရလား"

"မြောက်ဖက်ပိုင်းကို ကျားအုပ်စုကဂိုဏ်းသားတွေပဲ အမဲလိုက်ခွင့်ရှိတာမို့ ကျွန်တော်တို့ ခြေချလို့မရပါဘူး သခင်လေး"

"ဒါပေမဲ့ တောင်ဖက်ခြမ်းကို ဝံပုလွေလာတဲ့ပုံမပေါ်ဘူး.....

ဒီဖက်မှာ မရှိရင် မြောက်ဖက်ခြမ်းကို သွားရမယ့်ပုံပဲ"

တောင်ဖက်ခြမ်းနှင့်မြောက်ဖက်ခြမ်းကို ကြိုးတံတားတစ်စင်းဖြင့် ဆက်သွယ်ထားကာ အောက်မှာတော့ ချောင်းငယ်တစ်သွင်ရှိ၏။မြောက်ဖက်ခြမ်းကတောအုပ်ထဲမှာလည်း ထင်းရှူးပင်တွေနှင့် မှိုင်းညို့နေကာ သူ့အား သွားချင်လာအောင် ဆွဲဆောင်နေသော်လည်း နောက်မှပီကေလိုကပ်တွယ်နေသည့် သက်တော်စောင့်တွေကြောင့် ဘယ်လိုမှခွာမရဖြစ်နေသည်။

တောင်ဖက်ခြမ်းကတောအုပ်အနှံ့ကို စေ့စပ်စွာလိုက်လံကြည့်ရှုသော်လည်း ဝံပုလွေရဲ့ခြေရာကိုယောင်လို့တောင်မတွေ့ပါ။ဒါကြောင့် သက်တော်စောင့်တွေကို ရှေ့မှသွားခိုင်းပြီး သူက Shot gunကို ပုခုံးထက်ထမ်းရင်း နောက်မှအေးအေးလူလူလိုက်လာခဲ့သည်။

"ဝံပုလွေကို နောက်တစ်နာရီနေလို့မှမတွေ့ရင် ကျွန်တော်တို့ပြန်လှည့်ရအောင် သခင်လေး..... မိုးလည်းချုပ်နေပြီဆိုတော့ Boss စိတ်ပူနေပါလိမ့်မယ်....Bossက ညခုနစ်နာရီအတိ ပြန်လာခိုင်းလိုက်လို့ပါ"

"........"

"သခင်လေး"

သခင်လေး၏ပြန်ဖြေသံကို မကြား၍ လှည့်ကြည့်လိုက်လျှင် လူရောသေနတ်ပါ ပျောက်ချင်းမလှပျောက်သွားတာကြောင့် ငါးယောက်လုံး

မျက်လုံးချင်းအကြည့်ဆုံသွားကြသည်။သခင်လေး ဘယ်ပျောက်သွားတာလဲ၊ ဧကန္တ ဝံပုလွေဆွဲခံလိုက်ရတာလားဟု တွေးမိကြကာ သေနတ်ကို သတိအနေအထားမှာ ဆွဲထားရသည်။

"သခင်လေး ပျောက်သွားပြီ"

ယခင်သခင်ကြီးရဲ့သား၊ အခုလက်ရှိSerpentဂိုဏ်းချုပ်ရဲ့

တူဖြစ်သူ၊ အနာဂတ်ရဲ့Serpentဂိုဏ်းခေါင်းဆောင်သစ်ပျောက်ဆုံးသွားမှုအတွက် သက်တော်စောင့်ငါးယောက်လုံးပျာပျာသလဲဖြစ်နေကြသည်။

စံအိမ်တော်ကို အကူအညီသွားတောင်းဖို့ထက် ငါးယောက်သား လူဖြန့်ကျက်ပြီး ရှာဖို့ပဲဆုံးဖြတ်လိုက်ကာ သခင်လေးကို အမြန်ဆုံးပြန်တွေ့ဖို့ဆုတောင်းနေရ၏။

***

Serpentစံအိမ်တော်၏ခေါင်မိုးထပ်သို့ ရဟတ်ယာဉ်တစ်စင်း သက်ဆင်းဝဲပျံလျက်ရှိရာ ဆူညံသံတွေနှင့်အတူ လေပြင်းတွေကိုပါသယ်ဆောင်လာသည်။Serpent ဂိုဏ်းချုပ်နှင့်တကွ စံအိမ်တော်မှာရှိနေသည့်ဂိုဏ်းသားတွေအားလုံး ရဟတ်ယာဉ်ပေါ်ပါလာမည့် ပုဂ္ဂိုလ်ကို ကြိုဆိုဖို့ ခေါင်မိုးထပ်သို့စုဝေးရောက်ရှိနေပြီဖြစ်သည်။

ထိုပုဂ္ဂိုလ်ကို ကြိုဆိုရန် သခင်ကိုယ်တိုင် တစ်နာရီခန့်ကြာမျှ မတ်တပ်ရပ်နေခဲ့ရသည်ဆိုလည်းမမှား။ညာလက်ရုံးဖြစ်သည့်ဗညားနှင့် ဘယ်လက်ရုံးဖြစ်သော သီဟတို့ကလည်း ထိုရဟတ်ယာဉ်ဝဲပျံလာသည်နှင့် ရိုသေကျိုးနွံစွာ ဦးညွှတ်ထားကြ၏။

ရဟတ်ယာဉ်က ခေါင်မိုးထပ်မှာ သက်ဆင်းပြီး မကြာခင်

နက်စွေးနေသောရှူးဖိနပ်တစ်စုံဝတ်ဆင်ထားသည့်လူကြီးမင်းက ယာဉ်

ထဲမှ ပေ့ါပါးသွက်လက်စွာ ခုန်ဆင်းလာလေသည်။

"သခင်ကြီးကို Serpentမှ ပြန်လည်ကြိုဆိုပါတယ်"

ထိုလူကြီးမင်း သူတို့ရှေ့သို့လျှောက်လှမ်းလာသည်နှင့် နောက်ကျောဘက်မှ တပည့်တွေရဲ့အသံက တစ်ညီတစ်ညွတ်တည်းထွက်ပေါ်လာကြသည်။ ဂိုဏ်းသားသစ်တွေက ထိုလူကို မမြင်ဖူးကြတဲ့သူရှိမည်။သို့သော် သူ့နာမည်၊ သူ့ဂုဏ်ကျက်သရေကျော်စောမှုကတော့ ဒုစရိုက်ဂိုဏ်းလောကမှာ မကြားဖူးတဲ့သူမရှိပါ။

ရှပ်အကျီလက်ရှည်နက်နှင့်ဘောင်းဘီပေါ်မှာ အနက်ရောင်ကုတ်အင်္ကျီကို ကြယ်သီးမတပ်ပဲ ဟလျက် ဝတ်ထားသည့်ကိုကြီးက ယခင်က ဂိုဏ်းချုပ်ရာထူးအရှိန်အဝါအပြည့်ရှိနေပါသေးသည်။မျက်မှန်နက်ကို ကုတ်အင်္ကျီရဲ့အိတ်ကပ်မှာချိတ်ရင်း သခင့်အား ပထမဆုံးမေးလိုက်သည့်မေးခွန်းက

"ဇ ဘယ်မှာလဲ"

"သားငယ် အပြင်ခဏထွက်သွားတယ် ကိုကြီး၊စိတ်ပြေလက်ပျောက် Sနယ်မြေရဲ့ရှုခင်းတွေကို ခဏကြည့်ချင်တယ်ဆိုလို့ သက်တော်စောင့်တွေပါထည့်ပေးလိုက်တယ်....မကြာခင်ပြန်လာမှာပါ"

ကိုကြီးက ဘာမှဆက်မပြောပဲ ခေါင်မိုးထပ်မှထွက်သွားလျှင် သူပါနောက်မှတကောက်ကောက်လိုက်ရလေသည်။တစ်ကိုယ်လုံးနက်စွေးနေသည့်ကိုကြီးက မျက်နှာကပါမည်းမှောင်နေတာမို့ သခင် စကားထိန်းပြောနေရ၏။

'ကိုကြီးသား တောထဲကို အမဲလိုက်ထွက်သွားတယ်' လို့များပြောလျှင် လက်သီးစာအရင်မိမည့်လူက သေချာပေါက် သခင် ဖြစ်နေမှာပါ။

"ဘာလို့ shot gun တစ်လက်ပျောက်နေတာလဲ"

"အဲဒါက"

နှစ်နှစ်ဆယ်ကျော်ကြာသွားပေမယ့် ဘယ်နေရာမှာ ဘာရှိလဲဆိုတာ ယခု ထိသိနေသည့်ကိုကြီးက နံရံမှာ ကပ်ထားသော အမဲလိုက်သေနတ်တစ်လက်ပျောက်နေရသည့်အကြောင်းအရင်းကို သူ့အား မေးဆတ်ပြ၏။ကိုကြီးကို ဘယ်လိုပြန်ဖြေရမှန်းမသိခင် ကိုကြီးက ခေါင်းခုံမှာ ခြေချိတ်ထိုင်လျက်

"သခင် မင်းပြောကြည့်စမ်း၊ ငါ ဧ ကို ဘယ်လိုလုပ်သင့်လဲ"

"ကျွန်တော် ကိုကြီးတို့သားအဖကြားမှာ ဝင်မပါချင်ပေမယ့် သားငယ်က ကိုကြီးလိုပဲ တဇွတ်ထိုးဆန်တယ်၊ သူ့ဆုံးဖြတ်ချက်ကိုလည်း လွယ်လွယ်နဲ့ ပြင်မယ့်ပုံမပေါ်ဘူး.....ဒီတစ်ခေါက်ကိစ္စက အရင်ကထက် ပိုတင်းမာနိုင်တယ်လို့ထင်တယ်"

"ဧ က အရွယ်ရောက်လေ ငါနဲ့ပိုတူလာလေပဲ သခင်.... ငါနဲ့

အဖေ အတိုက်အခံဖြစ်ခဲ့သလို အဲဒီ့ကောင်လေးလည်း သူ

မှန်ရာ သူလုပ်ချင်နေတာ....ငါ့လိုမဖြစ်အောင် ခြောက်နှစ်

လုံးလုံး သူလိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးခဲ့တယ်၊ လွှတ်ပေးထားခဲ့တယ်....ဒါပေမဲ့ ငါကိုယ်တိုင်က မြင်းကို ခွာတပ်ပေးသလိုဖြစ်ခဲ့တာ"

ကိုကြီးက သူ့ခံစားချက်တွေကို သိပ်ထုတ်ပြလေ့မရှိသူဖြစ်သည်။ယခုတော့ သားငယ်ကြောင့် မိဘတစ်ယောက်ရဲ့ခံစားချက်တွေကို သခင့်ကို ဖွင့်ပြောလာလေ၏။

ကိုကြီး ဧ ကို အလိုလိုက်ခဲ့တာ၊သေနတ်ပစ်သင်ပေးခဲ့တာတွေကို မရီးက လုံးဝမသိခဲ့ပါ။ကိုကြီးကိုယ်တိုင်က မရီး စိတ်ညစ်သွားမှာစိုး၍ ဧ အကြောင်းနှင့်ပတ်သက်ပြီး တော်တော်များများကို ထိမ်ချန်ထားကာ ကောင်းသတင်းတွေကိုပဲ ထုတ်ပြောလေ့ရှိခဲ့တာပင်။

"ကျွန်တော်တို့ စစ်မိသားစုရဲ့ သွေးသားဆိုတာလည်း ငြင်းလို့မရဘူးမလား.....ဇ ဒီလိုမိုက်ရူးရဲဆန်ရဲတာ Serpent အကြောင်းကို အရမ်းစိတ်ဝင်စားနေတာတွေက ကိုကြီးသွေးအပြည့်ပါလို့ပဲလေ....အဲဒါကြောင့် ကိုကြီးကပဲ တစ်ထစ်လောက်လျှော့ချ"

"မရဘူး သခင်၊ ဇ Serpentထဲဝင်ချင်တယ်ဆိုတဲ့ သတင်းနဲ့တင် ချစ်ခြင်းက မေ့လဲသွားခဲ့တာ.....ငါကိုယ်တိုင်ကလည်း ဇ ကို ဆူးခင်းလမ်းရွေးမလျှောက်စေချင်ဘူး....ဂိုဏ်းထဲမှာမွေးပြီး ဆယ်နှစ်ကျော်နဲ့ ကိုယ်ခံပညာပေါင်းစုံသင်လာတဲ့ငါတောင် တချို့တိုက်ပွဲတွေမှာ အလူးအလိမ့်ခံခဲ့ရတာ....ဇ က မနေ့တနေ့ကမှ သေနတ်ပစ်သင်လာတဲ့ကောင်လေး....လုံးဝမဖြစ်ဘူး"

ကိုကြီးမှာ အငြင်းဝါကျအတွက် လုံလောက်တာထက်ပိုသောအကြောင်းပြချက်တစ်ခုရှိနေသည့်အတွက် သူလည်း ထပ်မပြောရဲတော့ပါ။ ဇ တစ်ခါက နိုင်ငံခြားမှာအကြီးအကျယ်ပြဿနာရှာခဲ့ဖူးသည့်အတွက် ကိုကြီး တစ်ပတ်လောက်လိုက်သွားခဲ့ရသေးသည်။အဲဒ့ါကိုလည်း မရီးကမသိခဲ့ပါ။

ဇ က ပညာတော်သင်သွားသည့်နောက်ပိုင်းလည်း တော်တော်သွေးဆိုးလာခဲ့တာပါ။ယခု ခန္ဓာကိုယ်ပေါ်မှာ တက်တူးတွေ ရေးဆွဲထားတာကိုလည်း ကိုကြီး သိမည့်ပုံမပေါ်။

"Boss ကျွန်တော်တို့ သခင်လေးကို တောထဲမှာ မျက်ခြေပြတ်သွားပါတယ်ဗျ....ကြည့်ရတာ သခင်လေး ကျွန်တော်တို့ကိုထားခဲ့ပြီး ဝံပုလွေကို သူတစ်ယောက်တည်း အမဲလိုက်နေတယ်ထင်ပါတယ်"

ဇနှင့်အတူထည့်ပေးလိုက်သည့် သက်တော်စောင့်တစ်ယောက်က ဧည့်ခန်းထဲဝင်လာပြီး သူတို့အား အရိုအသေပြုကာ သတင်းဆိုးကို ဆီးကြို

ပြုသည်။တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးရောက်လာသည့်အချိန်ဖြစ်နေတာမို့ ထိုင်နေရာမှ ဆတ်ခနဲထ၍

"ဘာ!"

ခြေချိတ်ထိုင်ပြီး လက်ပိုက်မပျက်သည့်ကိုကြီးက သူ့အား

တဒင်္ဂမျှ မျက်လုံးပင့်ကြည့်လျက် အကြည့်လွှဲသွားလေသည်။သူ တစ်ယောက်တည်း ဆိုဖာမှာထကာ ဂဏာမငြိမ်ပဲ ယောက်ယက်ခတ်နေ၏။ ဇ အပြင်ခဏထွက်သွားသည်ဟု လိမ်ထားတာကတစ်မှု၊ ဇကို အသုံးမကျသ ည့်သက်တော်စောင့်တွေ ထည့်ပေးလိုက်တာက တစ်မှုနှင့် သူ ကိုကြီးကို မျက်နှာချင်းမဆိုင်ရဲတော့ပါ။

သို့သော် ကိုကြီးကတော့ သူ့မူအတိုင်း အေးဆေးတည်ငြိမ်သည်။စကား တစ်ခွန်းမှ ဝင်ရောက်ပြောဆိုခြင်းမရှိသလို ယုတ်စွအဆုံး သူ့ကို လက်သီးနှ င့်ထိုးခြင်း၊အော်ငေါက်ခြင်းလည်းမရှိခဲ့ပါ။

"ကိုကြီး ကျွန်တော် ဇ နောက်ကို ခဏလိုက်သွားလိုက်ဦးမယ်၊အဲဒီ့ တောအုပ်ထဲမှာ ဝံပုလွေရှိပေမယ့် သိပ်ပြီးတော့ အခြေအနေဆိုးမှာတော့ မဟုတ်ပါဘူး"

"ထားလိုက်"

"ဗျာ!"

"ရာဇဝင်စစ်လည်း အရွယ်ရောက်လာပြီ....သူ့ကိစ္စမှန်သမျှကို ငါတို့ဝင် ရောက်ဖြေရှင်းပေးဖို့ မလိုတော့ဘူး....ငါတို့တုန်းကလည်း ဝံပုလွေထက်ဆိုး တဲ့အကောင်တွေနဲ့ သတ်ပုတ်ခဲ့ရတာပဲမလား..... ဇ က တိုက်ကွမ်ဒိုခါးပတ် နက်ရထားတဲ့ကောင်ပဲ......အဲဒီ့ကောင် ဝံပုလွေနဲ့သတ်ပုတ်ရလည်း အလွန်ဆုံး ခြေထောက်ပြတ်သွားရုံလောက်ပေါ့"

"........"

"တစ်ယောက်မှ ရာဇဝင်စစ်ကို သွားမကယ်ပေးကြနဲ့..... သူပြန်လာတဲ့ အထိစောင့်ကြ"

"ဟုတ်ကဲ့ပါ သခင်ကြီး"

နာရီကြည့်လိုက်တော့ ညကိုးနာရီခွဲဖို့ ငါးမိနစ်အလို။စံအိမ်တော်ထဲမှာ ရော ခြံဝင်းထဲမှာပါ ဂိုဏ်းသားတွေက ယောက်ယက်ခတ်လျက် တောအုပ်ထဲလိုက်သွားမည့်ဟန် ပြင်ကြသည်။ဗညားကလည်း ဇ ကို ငယ်စဉ်တည်းက ထိန်းကျောင်းလာသဖြင့် ခြေလှမ်းတပြင်ပြင် ဖြစ်နေသော်လည်း စစ်ဘုရင် အကြည့်တစ်ချက်နှင့် ရပ်ဆိုင်းသွားရှာ၏။

သူကတော့ အပေါ်ထပ်က အိပ်ခန်းထဲဝင်လာကာ သက်ပြင်းဖွဖွချရင်း နံရံမှာချိတ်ဆွဲထားသည့်ပန်းချီကားကို ငေးကြည့်မိသည်။ဒီအိပ်ခန်းက လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်ကအတိုင်း လုံးဝပြောင်းလဲသွားခြင်းအလျဉ်းမရှိပါ။Serpentဂိုဏ်းကို ဆက်ခံခဲ့သည့် သခင်က သူ့အသုံးအဆောင်နှင့် အိပ်ခန်းကိုလုံးဝဖယ်ရှားခြင်းမရှိပဲ နဂိုအတိုင်းပဲ ထားစေခဲ့သည်။ဒါကြောင့် သူတို့အိပ်ခန်းက ယခုထက်တိုင် ပရိဘောဂစုံလင်စွာနှင့် သက်တောင့်သက်သာ အနားယူအိပ်စက်နိုင်၏။

သူနှင့်ချစ်ခြင်းရဲ့ပုံရိပ်ယောင်တွေကလည်း အခန်းထဲမှာကပ်ငြိတွယ်နေသည့်အလား သစ်လွင်နေဆဲပင်။ဖုန်တစ်စက်မှမရှိသော ပန်းချီကားချပ်ကို လက်ချောင်းများဖြင့် တို့ထိကာ ရင်ထဲကစကားတို့ကို တိုးတိတ်စွာဆိုမိ၏။

"ချစ် ကိုယ်တို့သားငယ်က နောက်ဆုံး ကိုယ်နဲ့တစ်ထေရာတည်းလို ဖြစ်လာခဲ့ပြီ၊ တချိန်ချိန်မှာ ဖြစ်လာနိုင်မယ်မှန်းသိပေမယ့် ကိုယ် အဲ့ဒီအရာကို တုန်လှုပ်ကြောက်ရွံ့နေခဲ့တယ်...ဒါပေမဲ့ သားငယ်က သူ့ဆုံးဖြတ်ချက်ကို အလုပ်နဲ့သက်သေပြသွားခဲ့ပြီ....

ဒီတစ်ခါရော ' သားငယ်ကို ကိုကြီးပဲဆုံးမပေးပါဦး' လို့ ချစ်ပြောမှာလား...."

ပန်းချီကားချပ်ထဲရှိ ဆိုဖာမှာ ငြိမ်သက်စွာထိုင်နေသော ချစ်ခြင်းက သူ့မေးခွန်းအား ပြန်လည်ဖြေဆိုနိုင်စွမ်းမရှိပါ။အချိန်တွေသာ နောက်ပြန်လှည့်လို့ရမယ်ဆိုရင် သေချာပေါက် ဇ အား သူ့သရုပ်မှန်အကြောင်းကို လုံးဝပြောပြမိမှာမဟုတ်ပေ။

***

မြောက်ဖက်ပိုင်းက တောအုပ်ကို ဒီညအတွက် ကင်းစောင့်မည့်အဖွဲ့က အစ်ကိုသောကတို့ဖြစ်လေသည်။ညတိုင်း တောအုပ်ကိုကင်းလှည့်ဖို့ အဖွဲ့တစ်ဖွဲ့ ချပေးထားရာ အစ်ကိုသောကတို့က မီးအိမ်တစ်ခုစီကိုင်ပြီး သွားမည့်ဟန်ပြင်တော့ မီးပါ နောက်မှတိတ်တိတ်လေးလိုက်လာတော့၏။

မိန်းကလေးတွေကို ကင်းစောင့်ဖို့ ထည့်မပေးထားသော်ငြား မီးက တောအုပ်ထဲသွားရတာကို တကယ်နှစ်သက်သည်။ဒီညက လပြည့်ညဖြစ်တာမို့ တောအုပ်ထဲမှာ ပိုးစုန်းကြူးလေးတွေသေချာပေါက် ပြည့်နှက်နေမှာပင်။ပြီးတော့ ပေါက်စီ ကလည်း မီးကို မျှော်နေဦးမည်ထင်၏။

"မီး နင် ဘာလာလုပ်တာလဲ"

"မီးလည်း တောထဲ ကင်းလိုက်စောင့်ချင်တယ် အစ်ကို၊ မီးကိုလည်း ခေါ်ပါလား"

"မရဘူး၊ တောကင်းလှည့်တယ်ဆိုတာ ယောကျာ်းသားတွေအလုပ်....နင့်လို မိန်းကလေးတစ်ယောက်နဲ့ မအပ်စပ်ဘူး.... ညကြီးမိုးချုပ် အပြင်ထွက်မနေနဲ့တော့ မီး....အိပ်ခန်းထဲပြန်ဝင်တော့"

အစ်ကိုသောကက မီးကို မလိုက်ခိုင်းဘူးဆိုတာ သေချာပေါက် သိနေ

ပါသည်။ဒါပေမဲ့ အစ်ကိုသောက အလစ်မှာ မီး လပြည့်နေ့တိုင်း တောအုပ်ထဲရောက်နေကျဖြစ်၏။အစ်ကိုသောက ကန့်ကွက်သည်ဆိုလည်း မီး တခြားလမ်းသွယ်မှတောအုပ်ထဲရောက်မည့်နည်းကို ရှာကြည့်ထားသည်လေ။

"ဟုတ်ကဲ့ပါ"

အစ်ကိုသောကတို့အုပ်စု တောအုပ်ထဲဝင်သွားတာကိုမြင်လျှင် မီးလည်း သိုးမွေးအိတ်လေးကို စလွယ်သိုင်း၍ ရုံးချုပ်၏ နောက်ဖေးလမ်းကြားမှ မြောက်ဖက်ပိုင်းကတောအုပ်ရှိရာသို့ ချဉ်းနင်းဝင်ရောက်လာသည်။

မီးကို ဘယ်သူမှမသိစေရန်အလို့ငှာ မျက်နှာကို ပုဝါပါးဖြင့်

ရစ်ပတ်နှောင်ချည်၍ ခြေသံဖွဖွဖြင့် တဖြေးဖြေးလမ်းလျှောက်လာ၏။လပြည့်ညဆိုတော့ တောအုပ်ထဲသို့ လရောင်ဖြာကျလျက်ရှိကာ မိုးစုန်းစုန်းချုပ်နေပေမယ့် တောအုပ်ထဲဝယ် မဆိုသလောက် လင်းလက်လျက်ရှိပြီး ထင်းရှူးပင်တို့ကလည်း လရောင်ခြည်ကြောင့် တလက်လက်တောက်ပနေတော့သည်။

အမှန်တော့ တောအုပ်ကို တောင်ဖက်ခြမ်းနှင့်မြောက်ဖက်ခြမ်းဆိုပြီး နှစ်ပိုင်းခွဲခြားထားကာ မြောက်ဖက်ခြမ်းကို ကျားအုပ်စုကအပိုင်စီးထား၏။ Serpentဂိုဏ်းနှင့် ကျားအုပ်စုက မသင့်မြတ်သည့်အတွက် ညရေးညတာ အန္တရာယ်မဖြစ်ပွားစေရန် ကျားအုပ်စုက ညတိုင်း တောကိုလှည့်ပတ်၍ ကင်းစောင့်စေခဲ့၏။

"ဟယ် ပိုးစုန်းကြူးလေးတွေ"

မိုးမခပင်နားမှာ တဖျတ်ဖျတ်တလက်လက်တောက်ပနေသော ပိုးစုန်းကြူးများကြောင့် မီး ခပ်သွက်သွက်လျှောက်လှမ်းလာလိုက်သည်။ သူများတွေက ပိုးစုန်းကြူးတွေ၏အလင်းရောင်ကိုကြည့်ချင်ကြသဖြင့် ဖန်

ပုလင်းများဖြင့် တကူးတကထည့်သိမ်းထားတတ်သော်လည်း မီးကတော့ တစ်ကိုယ်ကောင်းမဆန်ချင်ပါ။

"အီအီ"

"ဒိုင်း!"

ပိုးစုန်းကြူးလေးတွေကို ငေးကြည့်နေစဉ်မှာပင် မလှမ်းမကမ်းမှ တိရစ္ဆာန်တစ်ကောင်၏အသံနှင့်အတူ သေနတ်သံကိုပါကြားလိုက်ရတာမို့ မီး ခေါင်းမတ်သွားသည်။

တောအုပ်ထဲမှာ ဘယ်သူကများသေနတ်သုံးပိုင်ခွင့်ရှိလို့လဲ။အစ်ကို သောကတို့က လိုရမယ်ရ ပစ္စတိုကို ခါးကြားဆောင်သွားပေမယ့် ထို အသံက ပစ္စတိုသေနတ်သံဟုတ်မနေပါ။ကေန္တ....။

"အမဲလိုက်မုဆိုးတွေ တောထဲနယ်ကျွံလာပြီထင်တယ်"

စလွယ်သိုင်းထားသည့် သိုးမွေးစလွယ်အိတ်လေးကို ကျစ်နေအောင်ဆုပ် ထားရင်း အသံလာရာဘက်သို့ မီး ချက်ချင်းပြေးသွားလိုက်သည်။မီးမှာ သေနတ်တော့ပါမလာပေမယ့် ပါးပါးသွန်းလုပ်ထားသည့် ငွေမှင်ရောင်ဓား တိုလေးတစ်ချောင်းတော့ရှိနေလေသည်။ထိုဓားတိုက သေနတ်လောက် အစွမ်းမထက်သော်လည်း လူတစ်ယောက်ရဲ့ဇီဝိန်ကိုတော့ ခြွေနိုင်၏။

"ပေါက်စီ!"

ပေါက်စီလေးက သွေးအိုင်ထဲကြားမှာ လဲလျောင်းနေကာ

ရှေ့မှာ အမဲလိုက်သေနတ်ကို ကိုင်ထားသည့် လူငယ်တစ်ဦးရှိ၏။မီးက ထို လူငယ်ကို နောက်ကျောဘက်မှမြင်နေရသဖြင့် မျက်နှာကို မခန့်မှန်းတတ် ပါ။သို့သော်လည်း ရွှေအိုရောင်ဂုပ်ထောက်ဆံပင်နှင့် အမဲလိုက်သေနတ်ကိုင် ဆောင်ထားသည့် အနီအမျိုးသားက ပေါက်စီကို သေနတ်နှင့်ပစ်လိုက်တာ

ကို တပ်အပ်သိနေလေသည်။

ထိုလူငယ်က မီးဘက်သို့ မျက်နှာချင်းဆိုင်မလာခင်မှာပင်

အိတ်ထဲက ငွေမှင်ရောင်ဓားသို့ထုတ်ထားလိုက်၏။နဖူးပေါ်သို့ ဆံစတွေဝဲကျကာ ဘိုရပ်ပေါက်နေသည့်ထိုအမျိုးသားက မီးအား မျက်မှောင်ကြုတ်၍ကြည့်လေသည်။လရောင်က ထိုလူသားထံ ဖြာကျနေသောကြောင့် ဖြူစွပ်သောအသားအရည်နှင့် အေးစက်ခက်ထန်သောမျက်နှာအမူအရာကို မီးဘက်မှ သေချာကောင်းမွန်စွာ မြင်တွေ့လိုက်ရ၏။

ထိုလူရဲ့ ရင်ဘတ်ကို ငွေမှင်ရောင်ဓားတိုအား ဆတ်ခနဲ

ပစ်လိုက်ပြီးသည့်နောက်

"ရှင် ဘယ်သူလဲ"

***

## အခန်း(3)

"Bosss ကျွန်တော် သခင်လေးနောက် လိုက်သွားရမလားဗျ"

ဇ ပြန်အလာကို ခြံဝင်းထဲမှာ ရပ်စောင့်နေသော သခင့်ဘေးနားသို့ ဗညား ကရောက်လာသည်။ဗညားကလည်း ဇ နှင့်အတူ လိုက်မသွားရသည့်အဖြစ် ကို နောင်တရနေကာ ခုထိ တမျှော်မျှော်ဖြစ်နေ၏။ညဥ့်နက်သန်းခေါင်ဖြစ် နေသော်ငြား Serpentစံအိမ်တော်ထဲဝယ် မည်သူမှ မအိပ်စက်ကြသေးပဲ တောအုပ်ထဲလိုက်သွားဖို့သာ ပြင်နေကြတာပင်။

ညာလက်ရုံးဖြစ်သော ဗညားကို ခေါင်းခါပြလိုက်ရင်း သခင် အိမ် အပေါ်ထပ်သို့ မော့ကြည့်လိုက်သည်။ကိုကြီးအခန်းမှမီးဖွင့်ထားတာမို့ ကို ကြီးလည်း မအိပ်သေးဘူးဆိုတာ သိလိုက်ရ၏။

ညဦးပိုင်းတည်းက အပေါ်ထပ်တက်သွားသော ကိုကြီးကို

မနှောင့်ယှက်ချင်တာကြောင့် အနားယူပါစေ ဆိုပြီး ထားခဲ့သည်။တပည့် ဖြစ်သူတွေကတော့ တောအုပ်ထဲလိုက်သွားမည့်အကြောင်း တစ်ယောက်မ က လာပြောကြသော်လည်း

သူ ငြင်းလွှတ်လိုက်တာပါ။

"မင်းတို့ သခင်ကြီးအကြောင်းလည်း သိသားနဲ့၊ သူ့စကား

ကို လျစ်လျူရှုတာကို တစ်စက်မှကြိုက်တာမဟုတ်ဘူး....ကိုကြီးကို ပို ဒေါသထွက်အောင် မလုပ်ကြနဲ့"

"သခင်လေးက ဒီနေ့မှ Sနယ်မြေကို ခြေချဖူးတာဆိုတော့

တောကြီးမျက်မည်းထဲ တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါ

....ညဆယ့်နှစ်နာရီထိုးတော့မယ်၊ အခုထိ သခင်လေးအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှမကြားရသေးဘူး"

"မင်းထက် သူ့အဖေက ပိုစိတ်ပူနေမှာပေ့ါကွာ....ဇ ကလည်းပေ့ါသေးသေး ကောင်မှ မဟုတ်ပဲ....သူ ဘာမှမဖြစ်လောက်ပါဘူး"

တပည့်တွေရှေ့မှာ ဟိတ်ကြီးဟန်ကြီးလုပ်ပြနေသော်လည်း အမှန်အတိုင်း ပြောရင် သူလည်း တော်တော်ရင်ပူနေပါသည်။ဇ ဝံပုလွေကို အကောင် လိုက်ဖမ်းစီးလာမလား၊ ဒါမှမဟုတ် ဝံပုလွေအကိုက်ခံရမလား။

ဇ က ငယ်စဉ်ကတော့ ထိုမျှလောက် စိတ်ဓာတ်မပြင်းထန်ခဲ့ဖူးသူ ဖြစ်သည်။သူ ပြင်ဦးလွင်သို့ အလည်သွားတိုင်း ချွဲနွဲ့တတ်တာလည်း မပြောနှ င့်။အချစ်လေးက မိန်းကလေးဖြစ်ပြီး တီတီတာတာမဆိုတတ်ပေမယ့် အထွေးဆုံးသားဖြစ်သူ ဇ ကတော့ မိန်းကလေးရှုံးအောင် ချွဲတတ်သူပါ။

ယခုတော့ ထိုသားငယ်ကြောင့်ပဲ ကိုကြီးနှင့်မရီးက စိတ်ပူပန်နေရကာ ကိုယ်စိတ်နှလုံး ညှိုးနွမ်းလျက်ရှိ၏။

"တကယ်လို့သာ သခင်လေးက Serpent မှာ ဆက်နေမယ်လို့ ခေါင်းမာနေ သေးရင်ရော....သခင်ကြီး ဘယ်လိုလုပ်မယ်ထင်လဲဟင်"

"ဟင်း ကိုကြီးတုန်းကလည်း ဖေဖေနဲ့ အတိုက်အခံတွေဖြစ်ခဲ့တာ မင်းသိ တာပဲမလား ဗညား.....ဘယ်မိဘမှတော့ ကိုယ့်သားသမီးကို လမ်းလွဲမ ရောက်စေချင်ဘူးလေ....ဒါပေမဲ့ ကိုကြီးကတော့ သူ့ဆုံးဖြတ်ချက်မှန်ကန် ကြောင်းကို လုပ်ရပ်နဲ့ သက်သေပြသွားခဲ့တယ်.....ကိုကြီးကတော့ ဇ ကို ဘယ်လိုအုပ်ထိန်းမလဲ ငါ မပြောတတ်ဘူး"

"ကျွန်တော်ကတော့ သခင်လေး Serpent ကို ပြန်လာတာ

အရမ်းဝမ်းသာတယ်.... အမှန်ဆို Serpentဂိုဏ်းကို စစ်မျိုးဆက်သစ်ကပဲ အုပ်ချုပ်ရမှာမလား.....Bossကလည်း ကျောထောက်နောက်ခံမရှိတော့ သခင်လေးမိုင်းနဲ့ သခင်လေးဇထဲက တစ်ယောက်ယောက် ဆက်ခံသူဖြစ်ပါစေလို့ မျှော်လင့်နေရတာ"

ဗညားနှင့်သူက ရွယ်တူချင်းမို့လို့ ပေါင်းသင်းရတာအဆင်

ပြေသည်။နှစ်ယောက်တည်းရှိချိန်ကျရင်လည်း သက်တောင့်သက်သာပဲ စကားပြောဖြစ်ကြ၏။

"ငါ့ကိစ္စတုန်းကလည်း ကိုကြီးပဲ တည်တည်ငြိမ်ငြိမ်ဖြေရှင်းပေးသွားတာ.....အဲဒီ့တုန်းက ကိုကြီးသာ ရောက်မလာရင် ငါ အရှုံးရင့်နေခဲ့ပြီ....ဒီတစ်ခေါက်လည်း ကိုကြီး ဇ နဲ့ပတ်သက်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက် ချနိုင်လိမ့်မယ်လို့ ထင်တယ်"

ကိုကြီးက သူတို့အတွက် မရှိမဖြစ်လူသားတစ်ဦးသာဖြစ်၏။သူ့အတွက် ဖခင်လိုမျိုးအစ်ကိုကောင်း၊မရီးအတွက် ခင်ပွန်းကောင်း၊သားသမီးတွေအတွက် ဖခင်ကောင်းတစ်ယောက်အဖြစ် သူ့ဘဝကို ပုံအောပေးဆပ်ထားခဲ့တာပါ။

ဇ ရဲ့လုပ်ရပ်၊ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ကိုကြီး စိတ်ထိခိုက်သွားမှန်း သခင် သိသော်လည်း စစ်မိသားစုမှန်လျှင် ဒီကိစ္စက တချိန်ချိန်မှာ မလွဲမသေဖြစ်လာရမည့် အရေးတစ်ခုသာဖြစ်၏။

***

လွန်ခဲ့သောတစ်နာရီခန့်က

ဇ သက်တော်စောင့်တွေကို မျက်ခြေဖြတ်ပြီးသည်နှင့် မြောက်ဖက်ခြမ်းတောအုပ်ကို ကြိုးတံတားဖြင့် ဖြတ်ကူးလာတော့သည်။မိုးကလည်း

စုန်းစုန်းချုပ်နေပြီမို့ ဘောင်းဘီအိတ်ထဲမှ ဖုန်းအားflashမီးဖွင့်၍ တံတားပေါ်ထိန်းလျှောက်နေရသည်။

မြောက်ဖက်ပိုင်းက တောအုပ်မှာတော့ သေချာပေါက် ဝံပုလွေရှိမည်ဆိုတာကို ယုံကြည်နေသဖြင့် ခြေတစ်လှမ်းမတုံ့ဆိုင်းပဲ အမဲလိုက်သေနတ်ကို ပုခုံးပေါ်ထမ်း၍ ထွက်လာတာပင်။

နိုင်ငံခြားက တောအုပ်ထဲမှာတော့ ငှက်လောက်ပဲ ပစ်ဖူးသဖြင့် ယခုလို အကောင်ကြီးကြီးကိုသာ ဖမ်းခွင့်ရလျှင် သေချာပေါက် လှောင်အိမ်ကြီးနှင့် မွေးမြူပြီး သူငယ်ချင်းတွေကို ပတ်ကြွားပစ်မည်။

"ဒီနေ့ လပြည့်ညပဲ"

ဖုန်းအားကလည်း ကုန်သွားသဖြင့် ဘောင်းဘီအိတ်ထဲသို့

ဖုန်းပြန်ထည့်၍ လရောင်ဖြင့် ထင်းရှူးတောအုပ်ထဲသို့

ချဉ်းနင်းဝင်ရောက်လာခဲ့သည်။အကောင်ပလောင်မျိုးစုံက တကျီကျီအော်ဟစ်နေတာမို့ မျက်နှာရှုံ့မဲ့ကာ နားပိတ်ထားသည်။အရေးထဲမှ ပုစဉ်းရင်ကွဲကောင်ကလည်း နားသို့ကပ်ပြီး ပူညံဆူညံလုပ်နေတော့သည်လေ။

"ဝံပုလွေလေးရေ မင်း ဘယ်မှာလဲကွ"

"အီ အီ"

မြစ်ကမ်းဘေးနားမှာ အကောင်တစ်ကောင်၏အသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။တောအုပ်အလယ်ပိုင်းသို့ ဝင်ရာမည့်သူ့စိတ်ကူးကလည်း ရုတ်ချည်းရပ်တန့်သွားလျက် အသံလာရာရှိသို့ ခြေသံဖွဖွဖြင့် တိုးလျှိုးသွားလိုက်၏။

"အီ! အီ"

အင်အားကြီးသည့်တိရစ္ဆာန်တစ်ကောင်က သူ့ထက်အင်အားနည်းပါးသောတိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်စားသုံးနေဟန်တူသည်။ သူ့ခြေသံကို ထိုပစ်မှတ်နှင့် ပိုနီးလေ အသံတွေကို ပို၍ ပီပီပြင်ပြင်ကြားရလေဖြစ်သည်။

ချောင်းငယ်ဘေးက ကမ်းပါးစပ်မှ သူ လိုက်ရှာနေသော

ငွေမှင်ရောင်လည်ဆံမွှေးရှိသည့် ဝံပုလွေက သမင်တစ်ကောင်ကို စားသုံးနေတာဖြစ်လေသည်။သမင်၏ကိုယ်မှသွေးများကာ အနားတွင် အိုင်ကွက်ထွန်းနေလျက်ရှိရာ တဖြည်းဖြည်းနှင့် မြစ်ချောင်းများထဲသို့ တရွေ့ရွေ့စီးဆင်းသွားတာကြောင့် ကြည်လင်နေသော စမ်းရေတို့ပင် အနည်းငယ်နောက်ကျိသွားလေတော့၏။

သူ ထင်ထားသလို သတ္တဝါချင်းကြီးနိုင်ငယ်ချင်းမျှသည့် လုပ်ရပ်အပေါ် နှုတ်ခမ်းကွေးတက်ရင်း မထီမဲ့မြင်ပြုံးမိသည်။

"ဟိတ်ကောင်.....မင်းကလေ ကိုယ့်ကို ရန်မပြုခင် ကိုယ်က အရင်ရန်ပြုတတ်တာ ငါ့အတိုင်းပဲ"

"အီ အီ"

ပါးစပ်အနားတစ်ဝိုက်မှာ သွေးတွေပေကျံနေသော ဝံပုလွေက သူ့အားတွေ့သည်နှင့် သွားစွယ်များပေါ်တဲ့အထိ ရန်ဖီလာစပြုလာသည်။သုံးဆောင်လက်စရှိသော သမင်ကို ထားခဲ့ပြီး သူ့ထံတရွေ့ရွေ့လျှောက်လှမ်းကာ ရုတ်တရက်ခုန်အုပ်လာတော့၏။

"ဟိတ် ဟိတ် ငါက မင်းကို ရန်ပြုမလို့မဟုတ်ဘူးကွ....မင်းနဲ့ သူငယ်ချင်းဖြစ်ချင်လို့ပါ"

"ဝေါင်း"

"Oh shit!"

ဝံပုလွေက သူ့လည်သာဂျာကင်ကို မရရအောင်ဆွဲကိုက်နေတာမို့ မြေပြင်ပေါ်လဲကျနေသည့်သူက လက်ထဲမှာရှိသော အမဲလိုက်သေနတ်ထိပ်ဖြင့် ထိုဝံပုလွေရဲ့ခေါင်းကို အကြိမ်ကြိမ်ထုရိုက်နှက်လိုက်တော့သည်။

သို့သော် ရှည်မျောမျောသဏ္ဍာန်ရှိသည့် Shot gun ဟာ

ဝံပုလွေတစ်ကောင်အတွက်တော့ ဖြိုလှခြင်းမရှိပါ။လည်သာ ဂျာကင်မှာက ဇစ်တွေများစွာရှိနေတာမို့ ဝံပုလွေရဲ့သွားစွယ်တို့က သူ့အသားထဲသို့ ထိုးဖောက်ဝင်ရောက်ခြင်းတော့မရှိ။

ဒီတိုင်းသာ ဆက်ငြိမ်နေလျှင် ဒီကောင့် အစားခံရတော့မည်ဆိုတာ သိနေတာကြောင့် လွတ်နေသောခြေထောက်နှစ်စုံဖြင့် အပေါ်မှအုပ်မိုးထားသော ဝံပုလွေရဲ့ချက်ကောင်းကို ကန်ထည့်လိုက်သည်။ဝံပုလွေက သူ့ခန္ဓာကိုယ်ပေါ်အုပ်မိုးနေရာမှ တစ်ခဏမျှ လွတ်ထွက်သွားစဉ် မျက်လုံးတစ်ဖက်အား သေနတ်နှင့် ပစ်လိုက်တော့သည်။

"ဒိုင်း!"

ဝံပုလွေက ချက်ချင်းလဲကျသွားပြီး သူလည်း လည်သာဂျာကင်ချွတ်ကာ မြေပြင်မှာပုံချ၍ ထိုကောင်ကြီးအား မုဆိုးဒူးထောက်ကြည့်ကာ လေပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။မျက်လုံးကိုပစ်လိုက်တာဆိုတော့

သေချာပေါက် အသက်အန္တရာယ်တော့ရှိမည့်ပုံမပေါ်ပါ။ထို့ကြောင့် မတ်တပ်ရပ်လိုက်ရင်း ဝံပုလွေနှင့် သတ်ပုတ်ချိန်က မြေပြင်သို့လွင့်စဉ်ကျသွားသော လက်စွပ်ကိုပြန်ရှာဖို့ တစ်ဖက်သို့လှည့်လိုက်လျှင်

"ရှင် ဘယ်သူလဲ"

သူ့ရဲ့ဝဲဘက်ရင်အုံသို့ ဓားတိုတစ်ချောင်းက စူးခနဲလာရောက် မိတ်ဆက်

ခြင်းပြုသည်။မျက်နှာကို ပုဝါပါးဖြင့်အုပ်၍ ဂါဝန်ရှည်ဝတ်ဆင်ထားသော ကလေးမလေးရဲ့မျက်လုံးအစုံက လုံးဝကြောက်ရွံ့ခြင်း အလျဉ်းမရှိစွာ သူ့အားစိုက်ကြည့်ခြင်းပြုသည်။

ဓားတိုက အသားထဲထိစူးနစ်ဝင်သွားတာမို့ ရင်အုံပေါ်က

ဆတ်ခနဲဆွဲထုတ်ကာ ထိုကလေးမရဲ့လက်မောင်းတစ်ဖက်သို့ဆောင့်ဆွဲလိုက်၏။

"မင်း!"

စင်ယော်မျက်ခုံးများနှင့် ကြယ်ရောင်လိုလင်းလက်တောက်ပတေသည့်မျက်လုံးများက သူ့ကို စိန်ခေါ်လျက်ရှိသည်။ထိုကလေးမရဲ့ အနားသို့တိုးသွားခိုက် အမျိုးအမည်မသိသော မွှေးရနံ့တစ်ခုကို ခံစားရသည်။သူ့ထက်တော်တော်အရပ်ပုနေတာကြောင့် ခေါင်းကို ငုံ့ချလိုက်သည့်အချိန်

"ဟိတ်ကောင်တွေ မြစ်ကမ်းဘေးမှာ သေနတ်သံကြားတယ်၊ကြည့်ရတာအမဲလိုက်မုဆိုးတွေ တောထဲစည်းကျော်လာပြီပဲ"

မကြာခင် လူတစ်စုရောက်လာမှာဖြစ်သည့်အတွက် ထိုကလေးမကို ပုခုံးထက်ထမ်းကာ သတိမေ့သွားသောကောင်ကြီးကိုတော့ ရင်ဝယ်ပိုက်ရင်းမြစ်ကမ်းဘေးက အမြန်ထွက်လာရသည်။သူ့ရင်ဘတ်က သွေးများစီးကျနေတာကိုလည်း ဂရုမစိုက်နိုင်ပဲ လူမမိဖို့က အရေးကြီးနေသဖြင့် မိန်းမငယ်တစ်ဦးနှင့် ဝံပုလွေတစ်ကောင်ကို ချီပိုးသယ်ပြီး ရေးကြီးသုတ်ပျာပြေးနေရသည့် သူ့ကိုယ်သူပင် ဘာလုပ်နေမိမှန်း မသိတော့ပါ။

"ဟိတ်လူကြီး ဘာလုပ်တာလဲ..... မီးကို ချပေးနော်"

"........"

"ဟိတ် လူကြီး မီးကို ချမပေးရင် မီး အော်မှာ"

ထိုသူရဲ့ပုခုံးထက် ဓောက်ထိုးအချိခံထားရတာမို့ ပြေးလွှားနေသည့်အခါ ခေါင်းပါနောက်ကျိုလာရသည်။ထိုလူကြီးရဲ့ ပုခုံးကို သွားနှင့်ကိုက်ဖို့ ပြင်လိုက်သော်လည်း ယနေ့ည ကင်းလှည့်သည့် အစ်ကိုသောကတို့ မီးကို မြင်မသွားဖို့က ပထမဦးစားပေးဖြစ်လေသည်။ထို့ပြင် ပေါက်စီလည်း ပါလာတာမို့

"မိုးမခပင်ကြီးရဲ့ နောက်ဖက်ဆုံးမှာ လှိုဏ်ဂူတစ်ခုရှိတယ်.....

အဲဒီ့လှိုဏ်ဂူထဲဝင်လိုက်"

ထိုကလေးမလေးက အထက်စီးကအမိန့်ပေးလိုက်သော်လည်း သူ မငြင်းဆန်နိုင်ပဲ မိုးမခပင်ကြီးရဲ့နောက်ကျောဘက်သို့ ဦးတည်လိုက်သည်။

တစ်သက်နှင့်တစ်ကိုယ် မိန်းကလေးတစ်ယောက်နှင့် ဝံပုလွေ တစ်ယောက်ကို ချီပိုးပြီး သက်စွန့်ဆံဖျားပြေးလွှားရမည်ဟု ယောင်လို့တောင် အိပ်မက်မမက်ဖူးခဲ့ပေ။

***

"ဒီနေရာမှာ သေနတ်ပစ်မှုဖြစ်သွားတယ်"

အရိုးတခြား အသားတခြားဖြစ်နေသည့် သမင်တစ်ကောင်၊သွေးအိုင်ကွက်ထွန်းနေသော မြေပြင်နှင့် မလှမ်းမကမ်းမှာ လည်သာဂျာကင်တစ်ထည်ရှိ၏။သောကတို့အုပ်စု နှာတစ်ဖျားခန့်နောက်ကျသွားတာမို့ ထိုမုဆိုးက ဘယ်သူဘယ်ဝါမှန်း မသိလိုက်ပါ။

သို့သော်လည်း ရွှေရောင်ကျည်ဆံဖူးကို ကိုင်ကြည့်လိုက်သည့်အခိုက် S ဆိုသောစာလုံးကို ထွင်းထားလေသည်။Serpentဂိုဏ်းက သူတို့နှင့်ပတ်သက်သမျှ အရာအားလုံးကို S အက္ခရာဖြင့် အမည်နာမခေါ်တွင်ကြတာမို့ ဤကျည်ဆံရဲ့ပိုင်ရှင်ဟာ Serpentဂိုဏ်းကလားဆိုတောင် သံသယဖြစ်မိသည်။

"သောက ငါ လက်စွပ်တစ်ကွင်း တွေ့တယ်"

ပလက်တီနမ်လက်စွပ်က မိန်းမသားတွေဝတ်ဆင်ရန် ဆိုဒ်

ကြီးလွန်းနေသည်။လက်စွပ်အတွင်းဘက်မှာလည်း S ဆိုသည့် အက္ခရာကိုပဲထွင်းထားတာမို့ ကျည်ဆံနှင့် လက်စွပ်ကိုတိုက်ကာ သောက မျက်မှောင်ကြုပ်သွားသည်။

"Serpentက ဂိုဏ်းသားတချို့ ငါတို့ဘက်ကို

စည်းကျော်လာပြီထင်တယ်....ဒီကိစ္စကို ဂိုဏ်းချုပ်ကို တင်ပြကြတာပေါ့"

"ဒါဆို အခု ရုံးချုပ်ကို ပြန်မှာလား"

"မင်းတို့နှစ်ယောက်က ရုံးချုပ်ကို ပြန်သတင်းပို့..... ငါတို့က

အဲဒီ့လူတွေကို ဆက်ရှာလိုက်မယ်"

"ကောင်းပြီ"

သွေးစက်တို့က မြေပြင်ကို တစက်စက်ကျသွားတာမို့ ထိုသွေးစက်တွေနောက်လိုက်လျှင် သေချာပေါက် Serpent ဂိုဏ်းသားတို့၏တည်နေရာကို ရှာတွေ့မည်ပင်။

မင်းတို့က ရာရာစစ ငါတို့နယ်မြေထဲကျူးကျော်ပြီး သေနတ်မောင်းကို ဆွဲတင်ခဲ့တာပဲ။စစ်ပွဲကို မင်းတို့ဘက်ကအရင် ကျူးကျော်ခဲ့တာ။

***

"ဟူး"

လှိုဏ်ဂူထဲရောက်တော့မှ အသက်ဝဝရှူနိုင်ကာ လေပြင်း

တစ်ချက်မှုတ်ထုတ်လိုက်သည်။ရင်ဘတ်က ဒဏ်ရာကိုဂရု

မစိုက်အားပဲ ပြေးလွှားနေခဲ့ရတော့ အခုမှ တဆစ်ဆစ်ကိုက်ခဲလာကာ

ဝေဒနာကို ပိုခံစားနေရ၏။

မကြာမီ အာရဗ်တက်မည်လားမသိသော်လည်း ဒီညက သူ့အတွက်တော့ အမှတ်ရစရာကောင်းနေတော့၏။မြန်မာပြည်ပြန်ရောက်ပြီးပြီးချင်း နောက်နေ့မှာပဲ တောကြီးမျက်မည်းထဲတစ်ညလုံး ပြေးလွှားနေရတာ မသိရင် ချန်ပီယံဆု သိမ်းပိုက်ရတော့မည့်အလားပါ။

"ပေါက်စီလေး"

ဝံပုလွေကိုရော ထိုကလေးမကိုပါ ပစ်ချလိုက်တာမို့ ဘယ်လိုဖြစ်သွားသလဲမသိပါ။မတိုးလွန်း မကျယ်လွန်းပေမယ့် ကရုဏာသက်လွန်းသော အသံကတော့ သူ့နားထဲ အုပ်စိုးလာတော့သည်။

မျက်နှာကို ပုဝါပါးဖြင့်ဖုံးလွှမ်း၍ ကျစ်ဆံမြီးတစ်ဖက်တည်းကျစ်ကာ ရင်ဘတ်ပေါ်စုချထားသည့် ကလေးမက ထိုကြီးကောင်ကြီးမားသတ္တဝါကြီးကို 'ပေါက်စီလေး' ဟု နူးညံ့ညင်သာစွာ ခေါ်ဆိုနေသည့်အပေါ် သူ နှာခေါင်းရှုံ့သွားလေသည်။

ထိုသတ္တဝါဆီမှ ပြန်ဖြေသံမကြားလျှင် ကျောက်စရစ်ခဲများပေါ်ထိုင်၍ အပန်းဖြေနေသော သူ့ထံ ဝုန်းခနဲပြေးလာ၍ လည်ပင်းကို ရုတ်တရက်လာရောက်ညှစ်ဆုပ်လေ၏။

"အ!"

"ခင်ဗျားကြီး ပေါက်စီကို ဘာလို့သေနတ်နဲ့ပစ်လိုက်တာလဲ....သူက ခင်ဗျားကို ဘာလုပ်နေလို့ မျက်လုံးကိုမှ ချိန်ပစ်လိုက်တာလဲ"

"သူ့ကို မသေစေချင်လို့ပေါ့ကွ....အ!"

ထိုကလေးမက မျက်လုံးပဲဖော်ထားပေမယ့် ရုပ်ဆိုးပန်းဆိုးထဲမှာ မပါလောက်ဘူးဆိုတာ မိန်းကလေးပေါင်းများစွာနှင့်ရင်းနှီးသော သူက သိနေ

ပါသည်။လရောင်က လိုဏ်ဂူထဲသို့ပါ အလင်းရောင်ထိုးပေးနေသောကြောင့် သူမလေးရဲ့နို့နှစ်လို ဖြူစင်လွန်းသော အသားအရည်ကို သူမြင်တွေ့နေရပေသည်။

ဒါနဲ့ ဖယောင်းပန်းလို ကြည်လင်တောက်ပပြီး ခန္ဓာကိုယ်

သေးသေးညှက်ညှက်သာရှိသော ကလေးမဟာ အဘယ်ကြောင့်များ ခွန်အားဗလတွေ ကြီးမားနေပါသနည်း။သူမရဲ့ခွန်အားတွေက ဘယ်နေရာက စုပုံလာနေသလဲတော့မသိပါ။

သေချာတာကတော့ ထိုကလေးမထက် ခန္ဓာကိုယ်ကြီးမားပြီး အသက်ပိုကြီးသည့် သူသည် လျှာဖျားထွက်၍ မျက်နှာပြင် တစ်ခုလုံးရဲတွတ်ပြီး အသက်ကို ပါးစပ်ဖြင့် လုရှူနေရတာပင်။

"ခင်ဗျားကြီး တမင်သက်သက် အငြိုးနဲ့လုပ်တာမလား....ဒါမှမဟုတ် ပေါက်စီကို ဖမ်းခေါ်သွားချင်လို့လား"

"အ အသက်ရှူ မ မဝတော့ဘူး.... လွှတ်ဦး....လွှတ်ပြီးရင် စ

စကားပြောမယ်"

ထိုလူ့ပုံစံက စကားတောင်ဖြောင့်အောင်ပြောနိုင်သည့်ပုံ မပေါ်တာကြောင့် လည်တိုင်ကို လွှတ်ပေးလိုက်တော့သည်။နဖူးပေါ်ဝဲကျနေသော ရွှေအိုဖျော့ရောင်ဆံစတချို့မှ ချွေးများက ပါးပြင်အထိ တစက်စက်စီးကျကာ မျက်နှာတပြင်လုံး နီရဲနေသော်လည်း အနီအမျိုးသားက တစ်ပဲသားမှ ရုပ်ဆိုးသွားပုံ မပေါ်ပေ။

ပေါက်စီကလည်း အသက်မှျင်းမှျင်းရှူနေပြီး မျက်လုံးပဲ

ထိခိုက်သွားပုံပေါ်တာကြောင့် ထိုလူသားအား သတ်ပစ်ချင်သည့်စိတ်ကို မီး ချုပ်တည်းထားရကာ

"ကဲ ပြောတော့၊ ခင်ဗျားကြီးက ဘယ်သူလဲ.....ဘာလို့ ကျားနယ်မြေကို ကျူးကျော်လာတာလဲ"

"ကိုယ်က မင်း 'ပေါက်စီ' လို့ ခေါ်နေတဲ့ ကောင်နဲ့ သူငယ်ချင်းဖြစ်ချင်လို့ ပဲ..... ဒီနယ်မြေက ကျားအုပ်စုလား ကျားသစ်အုပ်စုလား ပိုင်မှန်းတောင် မ သိဘူး....ဝံပုလွေကို တွေ့ချင်လို့သာလိုက်တာ

မင်းကောင်ကြီးက မျက်လုံးတစ်ဖက်ကန်းသွားရုံပဲ..... သူ သေလည်းမ သေဘူး၊ အိုနာကျိုးကန်းလည်း ဖြစ်မှာမဟုတ်ဘူး.....အဲ သေမယ့်သေ ကိုယ် က အရင် နိဗ္ဗာန်ရောက်မှာကွ....မင်း ပစ်လိုက်တဲ့ဓားမြှောင်က တစ်လက်မ သာရွှေ့သွားရင် သေချာပေါက် နှလုံးကို သွားစိုက်မှာ.... သိလား ကလေးမ လေး"

ထိုသူရဲ့ တီရှပ်အဖြူက သွေးတို့ဖြင့် ချင်းချင်းနီနေပြီမို့ မီး

သိုးမွေးလွယ်အိတ်ထဲမှ လက်ကိုင်ပုဝါ ထုတ်လိုက်သည်။

သူ ပြောသလို မီးကလည်း တမင်သေစေလိုသော ရည်ရွယ်ချက်ဖြင့် ထိုးခဲ့ တာမဟုတ်ပါ။ဒါကြောင့်လည်း နှလုံးနှင့်ဝေးရာရင်အုံသို့ လွှဲပစ်လိုက်တာ ပင်။

"အင်္ကျီချွတ်"

"ဘာလုပ်မလို့လဲ"

"ခင်ဗျားကြီးရဲ့ ရင်ဘတ်က သွေးတွေကို သုတ်ပေးမလို့.....မီးကြောင့် ဖြစ် သွားတာဆိုတော့ မီး တာဝန်ယူပေးရမှာပေါ့"

ထိုကလေးမရဲ့ 'ခင်ဗျားကြီး' ဟု ခေါ်သည့်လေသံက နားထဲ တမျိုးတမည် ဆန်းသစ်နေသည်။မြန်မာနိုင်ငံနှင့် အလှမ်းဝေးနေတာကြာတော့ မြန်မာ မိန်းကလေးတွေရဲ့လေယူလေသိမ်းက နားထောင်လို့ကောင်းနေသလိုပါ။

သူ တီရှပ် ချွတ်လိုက်သည်နှင့် ကလေးမလေးက ခေါင်းငုံ့၍ သူ့သွေးစတို့အား ပုဝါဖြူတစ်ထည်ဖြင့် သုတ်သင်ပေးလေသည်။သူ့ရင်ခွင်ထဲရောက်သွားသည့်အခိုက် ခုနကရခဲ့သည့် မွှေးရနံ့တစ်မျိုးအား ပြန်လည်ရှူရှိုက်ခွင့်ရ၏။

"ကလေးမလေး မင်း နာမည်ဘယ်လိုခေါ်လဲ"

"မီး....မီးငယ်ပါ"

"တိုက်ဆိုင်လိုက်တာ.....ကိုယ့်နာမည်ကတော့ သားငယ်"

ဖေဖေနှင့်မေမေ၊ ကယ်ကယ်က သူ့အား ချစ်စနိုးဖြင့် 'သားငယ်' ဟု ခေါ်ဆိုတတ်သည်။မေမေက တစ်ခါတစ်လေ အသည်းယားလာပြီဆို 'သားငယ်လေး' ဟု ဆိုကာ ပါးတွေကို ဆွဲညှစ်တတ်၏။လူပျိုပေါက်ဖြစ်လာသောသူက ကလေးဆန်သော အပြုအမူတွေကို မကြိုက်တာမို့ နောက်ပိုင်းမိသားစုနှင့်ရှောင်ဖယ်ထွက်လာခဲ့တာပါ။

"ဦးက ကျားနယ်မြေကလား၊ Sနယ်မြေကလားဟင်"

"ကိုယ် ဒီကို ခဏလာတာ၊ ဒီမှာ အခြေချဖြစ်မလား မပြောတတ်ပေမယ့် ကလေးမလေးအတွက် ကိုယ်က ဘယ်နယ်ခံလဲဆိုတာ အရေးကြီးလို့လား"

"ကြီးတယ်၊ မီးတို့ ကျားအုပ်စုက လူတွေက Sနယ်မြေက

လူတွေနဲ့စကားပြောခွင့် မရှိဘူး"

မီးက ထိုအမျိုးသားရှေ့မှာ ဘာလိုစကားတွေအများကြီး

ပြောနေမိပါလိမ့်။တကယ်ပဲ သူက Sနယ်မြေခံဖြစ်နေရင်ရော။သို့သော် ဦးဟာ Sနယ်မြေခံတစ်ယောက် မဟုတ်ပါစေနှင့်လို့ ဆုတောင်းမိသည်။

ဒဏ်ရာက သွေးများကို ပုဝါနှင့်ဖိသုတ်ကာ ဦး အားမော့ကြည့်လျှင် သွားစွယ်တွေပေါ်အောင် ပြန်ရယ်ပြ၍ ငုံ့လျှိုးလာသည့်ဦးက

"ကိုယ်က Sနယ်ခံလူဆိုရင်တောင် ကလေးမလေးအတွက်

အန္တရာယ်ရှိမယ့်လူသားမဟုတ်တာတော့ သေချာတယ်.....ရိုမီယိုနဲ့ဂျူးလိယက်လို ကမ္ဘာ့ရန်သူတွေရဲ့သားသမီးတွေတောင် ချစ်ကြိုးသွယ်ကြသေးတာပဲ.....ကိုယ်တို့ကရော မိတ်ဆွေကောင်းတွေ မဖြစ်နိုင်ဘူးလား"

"ဒါပေမဲ့ မီးက ဦးရင်အုံကို ဓားမြှောင်နဲ့ပစ်ခဲ့တာလေ....ဦး

မီးကို မမုန်းဘူးလား"

"ကိုယ်မှ မသေတာ၊ ဘာလို့မုန်းရမှာလဲ.....ကိုယ်တို့ မိတ်ဆွေကောင်းတွေလုပ်ကြရအောင်....ကလေးမလေးက ကိုယ့်ကို ဓားနဲ့ ပစ်ခဲ့တဲ့အတွက် ကိုယ်က လျော်ကြေးအနေနဲ့

ပေါက်စီကို ခေါ်သွားမယ်.....ရလား"

"ဟင် ပေါက်စီကို ခေါ်သွားမလို့လား"

ထိုကလေးမက ပေါက်စီကိုကြည့်ပြီး နှမြောတသယူကြုံးမရ ဖြစ်နေသည်ထင်ပါရဲ့။သို့သော်လည်း သူ မြောက်ဖက်နယ်မြေထဲရောက်လာသည့်အကြောင်းအရင်းက ထိုဝံပုလွေကြောင့်ပဲဖြစ်တာမို့ မရရအောင်ခေါ်ထုတ်သွားမှဖြစ်မည်လေ။

"ကိုယ် အဲဒီ့ကောင်ရဲ့ဒဏ်ရာကို ဆေးကုပေးရဦးမယ်..... ပြီးတော့ ကိုယ်နဲ့ ရင်းနှီးလာအောင် ထိန်းကျောင်းပေးရဦးမှာ....ကလေးမလေးက ပေါက်စီနဲ့ မခွဲနိုင်လို့လား"

"ဟုတ် ပေါက်စီက မီးရဲ့သူငယ်ချင်းကောင်းပဲ"

"ကိုယ်ကလည်း ကလေးမလေးရဲ့ သူငယ်ချင်းကောင်းပဲလေ.....ဒါဆို ဒီလိုလုပ်....နောက် လပြည့်နေ့ကျရင် ကိုယ်တို့ ဒီနေရာမှာပဲ ပြန်ဆုံကြရအောင်....အဲဒီ့ညကျရင် ပေါက်စီကို သေချာပေါက် အကောင်းအတိုင်း

ပြန်ခေါ်လာခဲ့မယ်"

"ပေါက်စီကလေ နည်းနည်းဆိုးပေမယ့် ကလေးတစ်ယောက်လို ချော့မော့ပြောရင် ရတယ် ဦးရဲ့.....အဲဒါကြောင့် ပေါက်စီကို

ဒဏ်ရာမြန်မြန်သက်သာလာအောင် ကုပေးပါနော်"

ထိုကလေးမရဲ့ ကြည်လင်နေသော မျက်လုံးဝိုင်းဝိုင်းများကို စိုက်ကြည့်ကာ သူ ခေါင်းညိတ်လိုက်သည်။မိန်းကလေးတစ်ယောက်နှင့် တစ်ညတာ မကုန်ဆုံးခဲ့ဖူးသော်ငြား 'မီးငယ်' ဟုခေါ်သည့် ကောင်မလေးနှင့်တော့ မိုးသောက်ချိန်အထိ အတူရှိခဲ့ကြသည်။

သူ့ပုခုံးပေါ်မှေးစက်အနားယူနေသော ကလေးမလေးရဲ့ဦးခေါင်းအားကျောက်ဆောင်ပေါ်တင်ကာ အသံတိုးတိုးဖြင့် နှုတ်ဆက်ခြင်းပြုလိုက်၏။

"ကိုယ်တို့ နောက် လပြည့်ညကျမှ ပြန်ဆုံကြတာပေ့ါ ကလေးမလေး"

ထိုကလေးမရဲ့မျက်နှာကို ဖုံးကွယ်ထားသော ပုဝါစကို လှစ်ဟချင်သော်ငြား တစ်ပါးသူရဲ့ privacyဖြစ်နေသည့်အတွက် ပါးပြင်ပေါ် ကျနေသော ဆံစတချို့ကို နားနောက်သို့သိမ်းပေးကာတဒင်္ဂမျှ ငေးကြည့်နေလိုက်သည်။သူ့ဒဏ်ရာကို သွေးတိတ်စေသော ပုဝါဖြူလေးက ယခုတော့ သွေးချင်းချင်းရဲနေတာမို့လျှော်ဖွတ်ပြီးမှ ကလေးမလေးအား ပြန်ပေးဖို့ ကြံရွယ်မိသည်။

ထို့နောက် ပေါက်စီကို ရင်ဝယ်ပိုက်ပြီး လာရာလမ်းအတိုင်း

Serpent စံအိမ်သို့ ခရီးနှင်လာခဲ့၏။

***

အခန်း(4)

ပေါက်စီကိုပိုက်ထားရင်း Serpent စံအိမ်ရှေ့ရောက်သည့်အခိုက် ရောင်နီပျိုး၍ ကောင်းကင်မှာ ကြယ်ရောင်များပင် ပျောက်နေပါပြီ။ရင်ဘတ်က ဒဏ်ရာက တဆစ်ဆစ်ပြန်ကိုက်လာသဖြင့် အားသွန်ခွန်စိုက် လမ်းလျှောက်လာခဲ့သမျှ စံအိမ်တော်ကြီးရှေ့ရောက်သည့်အခါ ခြေထောက်များပင် ညွတ်ကျတော့မတတ်ဖြစ်သွား၏။

"သခင်လေး"

"......."

"သခင်လေး"

ခြံဝင်းထဲမှာ အသင့်ရပ်နေကြသော ဂိုဏ်းသားများက သူ့အား တွေ့သည်နှင့် ချက်ချင်းဆီးကြိုကြသည်။ထိုဂိုဏ်းသားများကို ဘာမှမဖြစ်သည့်ဟန် လက်ကာပြလိုက်၍ ပေါက်စီကို ရင်ခွင်ထဲမှ မလွှတ်တမ်းပိုက်ကာ ဧည့်ခန်းထဲသို့ ဝင်ရောက်လာရင်း မျက်လုံးများက တဖြည်းဖြည်းမှေးစက်လာတော့၏။

ညက ကောင်းကောင်းမအိပ်စက်ခဲ့ရတာကြောင့် နူးညံ့နွေးထွေးသော မွေ့ရာခင်းကြီးကို စိတ်ထဲမှတောင့်တကာ တစ်နေ့လုံးအားပါးတရအိပ်ပစ်မည်ဟု ကြံရွယ်လိုက်လျှင်

"သားငယ်"

"မောနင်း ကယ်ကယ်"

ထမင်းစားခန်းထဲမှ ထွက်လာသော ကယ်ကယ့်ကို လက်တစ်ချက်ပြလိုက်သည်။တစ်ကိုယ်လုံး ရွှံ့မြေတို့ဖြင့် ပေကျံတလူးကာ ညစ်ပတ်လျက်ရှိသောသူ့ရင်ဘတ်မှာဒဏ်ရာကြောင့် မျက်မှောင်ကြုတ်သွားသည့် ကယ်ကယ်က အပေါ်ထပ်သို့တက်သည့် လှေကားထစ်ကိုအထိတ်တလန့်ကြည့်လေ၏။

ထိုစဉ် ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး အပေါ်ထပ်မှတဆင့် တလှမ်းချင်းဆင်းလာသော လူကြီးတစ်ယောက်ကိုတွေ့သည်။ထိုလူက ဘာစကားမှ မဆိုပဲ သူ့ တစ်ကိုယ်လုံးကို မျက်လုံးမှေးများဖြင့် စုန်ချီဆန်ချီ စိုက်ကြည့်နေတာမို့

"ဖေဖေ"

ဖေဖေ တကယ်ပဲ Serpent ကိုရောက်လာခဲ့သည်။အဖြူရောင်ဆွယ်တာလက်ရှည်နှင့် ဘောင်းဘီနက်ကိုဝတ်ဆင်ထားပုံပေါက်ရင် ဖေဖေ စံအိမ်တော်ကိုရောက်တာ ကြာပြီထင်ပါသည်။သူ့ အသိစိတ်ထဲမှာ ဖေဖေ ရောက်လာမည်ဆိုတဲ့အသိကို တစ်ခဏမျှ မေ့ထားသဖြင့် ယခုလို ပြန်တွေ့လိုက်ရသောအခါ ကြောက်ရွံ့စွာ မျက်နှာလွှဲလိုက်၏။

မရယ်မပြုံး ခပ်တည်တည်ရှိနေသော ဖေဖေက အောက်ထပ်သို့ ဆင်းလာခြင်းမပြုပဲ လှေကားထစ်မှာသာ မတ်တပ်ရပ်နေသည်။ရုတ်တရက် အေးစက်သွားသော အခြေအနေကို ပြန်အဖတ်ဆယ်ရန်အလို့ငှာ ကယ်ကယ်က ပါးစပ်ဟလိုက်သော်ငြား ဖေဖေ့ရဲ့သြဇာညောင်းသောအမိန့်သံက ပေါ်ထွက်လာလေသည်။

"အဲဒီ့ဝံပုလွေကို ပစ်ချပြီး ငါ့အခန်းထဲလိုက်ခဲ့ ရာဇဝင်စစ်"

ဖေဖေ့စကားကို မပယ်ရှားနိုင်သောသူက ပေါက်စီကို လက်မှလွှတ်ချလိုက်၏။ထို့နောက် သက်တော်စောင့်တစ်ယောက်အား တိမွေးကုဆရာဝန်တစ်ယောက်ရှာခိုင်းပြီး ပေါက်စီရဲ့မျက်လုံးမှ ဒဏ်ရာအား သေချာကုသပေး

ဖို့ ထပ်တလဲလဲမှာမိသည်။

ပြီးလျှင် ဖေဖေ့အခန်းရှိရာ အပေါ်ထပ်သို့ တက်လာလိုက်သည်။ဖေဖေတို့ အိပ်ခန်းကို တစ်ခါမှဝင်မကြည့်ဖူးပေမယ့် ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သည့် ဖေဖေ့အဆင့်အတန်းနှင့် လွန်စွာသဟဇာတဖြစ်လျက်ရှိ၏။

ရွှေကနုတ်များဖြင့် အနားဘောင်ကွပ်ထားသော နူးညံ့အိစက်လှသည့် ဆိုဖာတွင် ထိုင်ချလိုက်သောအခါ ဖေဖေက ဆေးသေတ္တာတစ်လုံးနှင့် သူ့အနားသို့ ရောက်ချလာ၏။

"ဖေဖေ ကျွန်တော်"

"ဘာစကားမှမပြောနဲ့.....မင်း ဒဏ်ရာကို ဆေးထည့်ပြီး

အနားယူလိုက်..... အနားယူပြီးတာနဲ့ ချက်ချင်း ပြင်ဦးလွင်ကို

ပြန်မယ်"

အရက်ပြန်လောင်းထည့်ကာ အဝတ်ဖြူတစ်ထည်ဖြင့် ရင်ဘတ်မှဒဏ်ရာကိုလာရောက်ပိုးသတ်ပေးပုံက တစ်စက်မှညင်သာခြင်းမရှိပါ။ဖေဖေ့ရှေ့မှာ နာကျင်မှုကို မညည်းညူပြချင်တာမို့ စပ်ဖျင်းသောခံစားမှုကို အံကြိတ်ခံနေရသည်။

ဒီအချိန်မှာ ဖေဖေနှင့်အတိုက်အခံဖြစ်လည်း သူ့အတွက်

ကောင်းကျိုးမပေးနိုင်တာမို့ ပါးစပ်ပိတ်၍ သည်းခံနေဖို့

ဆုံးဖြတ်လိုက်သော်ငြား ဖေဖေ့စကားကို နာခံလိုက်တာတော့မဟုတ်ပါ။

"ဒဏ်ရာကို လုံးဝရေထိလို့မရဘူး၊ ညှော်မိလို့မရဘူး....ဓား

မြှောင်က အသားထဲထိ စိုက်ဝင်သွားတာ....တစ်လက်မလေး

နေရာရွှေ့သွားရုံနဲ့ မင်း ငရဲပြည်မှာ ယမမင်းကိုနှုတ်ဆက်နေရလောက်ပြီ ရာဇဝင်စစ်"

အဖေနှင့်ဦးလေးဖြစ်သူက တစ်ညလုံးမအိပ်နိုင်ပဲ သူပြန်အလာကို စောင့်မျှော်နေပေမယ့် သကောင့်သားက ဝံပုလွေတစ်ကောင်ပိုက်၍ ဓားဒဏ်ရာပါအဆစ်သယ်ကာ အိမ်ပြန်လာလေသည်။

စိတ်ရှိတိုင်းသာဆို အားရပါးရထိုးနှက်ပစ်ချင်ပေမယ့် ကိုယ့်သွေးသားဖြစ်နေတာကြောင့် လက်နှင့်တောင်မရွယ်ရက်ပါ။ငယ်စဉ်တည်းက ပိုးမွှေးသလို တယုတယထိန်းကျောင်းလာပေမယ့် ရာဇဝင်စစ်က မိဘမေတ္တာကိုလည်း နားလည်မည့်ပုံမပေါ်။

"သားငယ် ဘယ်လိုလုပ်ပြီး ဓားဒဏ်ရာရလာတာလဲ.... ဧကန္တ မြောက်ဖက်ပိုင်းက တောအုပ်ထဲအထိ ခြေဆန့်ခဲ့တာလား....ဟုတ်လား"

ကယ်ကယ်ကပါ အခန်းထဲဝင်လာ၍ မေးပေမယ့် ဖေဖေ့ရှေ့မှာမို့ နှုတ်ဆိတ်နေမိသည်။ဖေဖေကတော့ သူ့အား ဘာမေးခွန်းမှမဆိုပဲ ပတ်တီးလိပ်များ၊ ပိုးသတ်ဆေးများကို ဆေးသေတ္တာထဲသို့သာ ထည့်ရှုနေ၏။

Serpent စံအိမ်တော်ကို ဖေဖေတစ်ယောက်တည်းရောက်လာခဲ့သည့်အတွက် သူ့ရင်ထဲ တော်ပါသေးရဲ့ ဟုတွေးမိသည်။မေမေသာ ပါလာရင် သူ့ဒဏ်ရာကိုတွေ့ပြီး သေချာပေါက် မျက်ရည်တရှုံ့ရှုံ့နဲ့ ငိုနေဦးမှာပါ။

"ဖေဖေ မနေ့က ဘယ်ချိန်က ရောက်လာတာလဲ ကယ်ကယ်"

"မင်းသွားပြီး သိပ်မကြာဘူး၊ ရောက်လာတာပဲ.....ကိုကြီးက တစ်ညလုံး မအိပ်ပဲ မင်းကို ထိုင်စောင့်နေခဲ့တာ"

"မေမေရော သက်သာတယ်တဲ့လား"

သူ့အိပ်ခန်းထဲကို ကယ်ကယ်က ဝင်လာတော့ ဖေဖေ့အကြောင်းကို စပ်စုရသည်။မေမေ့အကြောင်းနှင့် ပတ်သက်ပြီးမေးတော့ ကယ်ကယ်က ခေါင်းခါပြ၏။

"မရီးအကြောင်းနဲ့ပတ်သက်ပြီး ကိုကြီးက ဘာတစ်ခွန်းမှမဟဘူး.....ကဲ မင်းအကြောင်းပြောတော့ ဇ၊ ဝံပုလွေကို အိမ်ခေါ်မွေးချင်ရုံသက်သက်နဲ့ သက်စွန့်ဆံဖျားလုပ်ဖို့ထိ လိုလို့လား....မင်းကို ဓားနဲ့ပစ်လိုက်တာကရော ဘယ်သူလဲ"

"ဆယ့်ငါးနှစ်လောက်ပဲရှိဦးမယ့် ကလေးမတစ်ယောက်"

"ဘာ!"

ထိုကလေးမက အလွန်ဆုံးရှိမှ အသက်ကဆယ့်ခြောက်နှစ်ပေါ့။ထိုသို့ သော ကလေးမလေးတစ်ယောက်ရဲ့ ဓားမြှောင်ဖြင့်ပစ်ခြင်းကို ခံလာရသော တူတော်မောင်ကိုကြည့်ပြီး ကယ်ကယ်က အံ့သြဘနန်းဖြစ်နေပုံကို သူ လည်း မသိလိုက်မသိဘာသာ ပြုံးသွားရသည်။

ဆရာဝန်တောင် ခေါ်စရာမလိုလိုက်ပဲ ဖေဖေက ဒဏ်ရာကို

သေချာပိုးသတ်ပြီး ပတ်တီးဖြင့်စည်းပေးထားပုံက သူနာပြုထက်ပင် ပို စည်းစနစ်ကျနေသောကြောင့် သူ ငုံ့ကြည့်စရာတောင်မလိုပါ။

"ကယ်ကယ် ဒီလက်ကိုင်ပုဝါကို ပင်မင်းဆိုင်မှာအပ်ပေးပါ....သွေးတွေ ပြောင်အောင် ဆေးကြောပြီး မီးပူပြန့်နေအောင် တိုက်ခိုင်းပေးနော်....ကျွန် တော့်အတွက် အရမ်းအရေးကြီးလို့"

တူတော်မောင်က သွေးခြောက်များကပ်နေသည့် ပုဝါစတစ်ထည်ကို လက် ထဲထိုးထည့်ပေးကာ ခိုင်းစားနေပြန်တော့ သခင် ကြက်သေသေသွားရ ပြန်သည်။သို့သော်လည်း Serpent စံအိမ်တော်ကြီးမှာ နှစ်နှစ်ဆယ်ကျော် အထီးကျန်ခြင်းကိုစားသုံးပြီး နေထိုင်လာသည့် သူ့အတွက် သွေးသား ရင်းချာတွေ ရောက်လာတော့ အတိုင်းမသိပျော်ရပြန်၏။

ဇ ကလည်း မိသားစုထဲမှာအငယ်ဆုံး အဖေကိုအချစ်ဆုံး၊

သူကလည်း အငယ်ဆုံး အဖေကိုအချစ်ဆုံးမို့ တူဝရီးနှစ်ယောက် တူညီတာတွေ များလှသည်။

အိပ်ရာထဲ နှစ်ခြိုက်စွာ အိပ်မောကျနေသော တူတော်မောင်ကိုလှမ်းကြည့်ပြီး ပုဝါဖြူတစ်ထည်အတွက်နဲ့ ပင်မင်းဆိုင်အား တပည့်ဖြစ်သူကို သွားခိုင်းရဦးမည်။

***

"ဒီကျည်ဆံက Serpentဂိုဏ်းက ကျည်ဆံဖူးပဲ.....မင်းတို့

အဲဒီ့လူကို ရှာတွေ့လား"

"မတွေ့ပါဘူး သခင်ကြီး၊ ကျည်ဆံတစ်တောင့်ပဲ တွေ့ပါတယ်"

"ဟင်း Serpent က အယုတ်တမာဂိုဏ်းသားတွေက ငါတို့

မြောက်ဖက်ထင်းရှူးတောအထိလာပြီး ဝံပုလွေတစ်ကောင် ခိုးသွားတာကို ဒီတိုင်း လက်ပိုက်ကြည့်နေရတယ်လို့ကွာ တောက်"

ဦးယက္ခ ခံပြင်းစွာဆိုလိုက်ကာ ထိုကျည်ဆံတောင့်ကို လက်ထဲမှာ ကျစ်ကျစ်ပါနေအောင်ဆုပ်ထားမိသည်။လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အချိန်ကာလကို ပြန်စဉ်းစားမိတိုင်း ရင်ထဲတအုံတနွေးနှင့် အမြဲလက်စားချေဖို့ကိုသာ စိုင်းပြင်နေရတာပါ။

ယခုလက်ရှိ Serpentဂိုဏ်းချုပ် စစ်သခင်က အရင်က မုန်တိုင်းအဖြစ်ကျားအုပ်စုကို ရည်ရွယ်ချက်ရှိရှိ ချဉ်းကပ်လာသည်။ထို့နောက် ကျားအုပ်စုရဲ့ အားကိုးအားထားရာဖြစ်သည့် ရုပ်ပျိုရဲ့အသက်ကိုပါ ဆောင်ကျဉ်းသွားသည့်အပြင် သူတို့ဒေတာတွေကိုပါ သူခိုးကျင့်သူခိုးကြံ ကြံ၍ ယူထုတ်သွားသည်။

စစ်သခင်ကို လိုက်လံဖမ်းဆီးပြီး ရှင်းလင်းဖို့လုပ်ပေမယ့် စစ်ဘုရင်က သူ့

ညီအနားတစ်ဝိုက်မှာ အမြဲအစောင့်အရှောက်တွေထားပေးခဲ့သည်။စစ်သခင် ဘယ်သွားသွား ဘာလုပ်လုပ် အနီးတစ်ဝိုက်မှာ နိုင်ငံခြားမှခေါ်ယူငှားရမ်းထားသော သက်တော်စောင့်ဆယ်ယောက်လောက်က အသာလေးရှိနေတတ်၏။

နှစ်နှစ်ဆယ်လုံးလုံး Serpent ကို ချေမှုန်းသုတ်သင်နိုင်မည့်

နည်းလမ်းများရှာခဲ့သော်လည်း အခွင့်အရေးတစ်ခုမျှ ကောင်းကင်ဘုံက ကျမလာပါ။အရင်စံအိမ်တော်ကြီးက မီးလောင်ပြာကျတာကို သိသည့် စစ်သခင်က ယခုစံအိမ်တော်ကို ခေတ်မှီဒီဇိုင်းများဖြင့် ရေးဆွဲမွမ်းမံထားသဖြင့် ကျည်ကာမီးကာရုံးချုပ်ဖြစ်နေ၏။

"ကျွန်တော်တို့ ငြိမ်ခံနေရင် Serpent က တဖြည်းဖြည်းအတင့်ရဲလာလိမ့်မယ် သခင်ကြီး..... သွေးနားထင်ရောက်နေတဲ့ Serpentကို ကျွန်တော်တို့တစ်ခုခုလုပ်မှဖြစ်မယ်"

ဦးယက္ခ အကြံဉာဏ်ကောင်းကို စဉ်းစားနေစဉ် တပည့်ဖြစ်သူမှ ရုတ်တရက်ဝင်လာပြီး နားသို့တိုးတိုးတိတ်တိတ်ကပ်ပြောသည်။ဦးယက္ခ မယုံသင်္ကာဖြစ်နေတာကြောင့် တပည့်ဖြစ်သူကို ပြန်ကြည့်လိုက်ပေမယ့် ထိုသတင်းကသေချာကြောင်း ခေါင်းတစ်ချက် ညိတ်ပြ၏။

"စစ်ဘုရင် Serpent ကို ပြန်ရောက်လာပြီ..... Sနယ်မြေကို အလည်လာတဲ့သူ့သားငယ်ကို ပြန်လာခေါ်တာတဲ့"

"စစ်ဘုရင်ဆိုတာ အရင် Serpentဂိုဏ်းချုပ်မလား.... သူက

Serpent နဲ့ ရှင်ခန်းဖြတ်ပြီး မြို့တစ်မြို့မှာ ဇာတ်မြုပ်နေတယ်လို့ ကြားဖူးတယ်....သူက ဘာလို့ ပြန်လာတာတဲ့လဲဟင်"

Serpent ဂိုဏ်းချုပ်ဟောင်း ဦးစစ်ဘုရင်ဆိုသည့်ပုဂ္ဂိုလ်ကို

သောက တစ်ခါမှ မြင်ဖူးခဲ့ခြင်း မရှိပေမယ့် ဂုဏ်သတင်းအရှိန်အဝါ လွှမ်းမိုးမှုကြောင့် လေးစားအားကျခဲ့ရဖူးသည်။စစ်ဘုရင်ဆိုသည့် အမျိုးသားကလည်း တစ်ခေတ်တစ်ခါက ဒုစရိုက်လောကမှာ ဩဇာအာဏာ ညောင်းသော မူးယစ်ရာဇာတစ်ယောက်ဖြစ်ခဲ့ပြီး Sနယ်မြေရဲ့အရှင်သခင်ဆို လည်း မမှားပါ။

သို့သော် သူ့ဇနီးကို အရမ်းချစ်မြတ်နိုးလွန်းသဖြင့် သူကိုယ်တိုင် နယ်မြေ ချဲ့ထွင်ခဲ့သောဂိုဏ်းကို အပြီးတိုင် စွန့်ခွာပြီး မိသားစုနှင့်ဇာတ်မြုပ်နေပြီဟု ကြားဖူးသည်။

"စစ်ဘုရင် ပြန်လာတာ မလာတာ အသာထား.....အခု Sနယ်မြေရဲ့ Serpent စံအိမ်မှာ ခြသေ့်နှစ်ကောင်နဲ့ ခြသေ့်ပေါက်တစ်ကောင်ကြီးစိုးနေ ပြီ.....စစ်မျိုးဆက်တွေထဲမှာ တစ်ယောက်မှခေတ့်ကောင် မပါဘူး....စစ် သခင်တစ်ယောက်တည်းကိုတောင် ငါတို့မနိုင်ခဲ့တာ အရင်ဂိုဏ်းချုပ်နဲ့ စစ် မျိုးဆက်သစ်တစ်ယောက်ပါ ထပ်ရောက်လာပြီဆိုရင် ငါတို့ သရဏဂုံ ကြိုတင်ထားဖို့ပဲ ရှိတော့တယ်"

"ခြသေ့်ကို ကျားကမနိုင်ဘူးဆိုတဲ့ စကားပုံမရှိခဲ့ဖူးဘူး

သခင်ကြီး.... ကျွန်တော် အရင်က အမှားလုပ်ခဲ့ဖူးတယ်....ဒါပေမဲ့ အခုချိန် မှာ အရင်ကလို တူညီတဲ့အမှားမျိုး ထပ်မကျူးလွန်တော့ဘူး....ကျားတစ် ကောင်တည်းနဲ့ ခြသေ့်သုံးကောင်ကို အနိုင်ယူပြမယ်"

"သွေးသစ်"

တံခါးဝမှာလက်ပိုက်ရပ်နေသည့်သူက လွှန်ခဲ့သည့်အနှစ်

နှစ်ဆယ်ကျော် ရုပ်ပျိုကို သွားကယ်သည့်မစ်ရှင်ပြီးတည်းက ပျောက်ချင်း မလှပျောက်သွားသော ရုပ်ပျိုရဲ့တပည့်တစ်ယောက်ဖြစ်သည့် သွေးသစ်ပင်။

ဆရာဖြစ်သူက သင်ပေးခဲ့သော သေနတ်ပစ်နည်းက နောင် တချိန် ဆရာ့ ဇီဝိန်ကို ခြွေသွားမည်ဟု မည်သူကထင်ပါသနည်း။သူပင့်တင်လိုက်သော သေနတ်မောင်းသံကြောင့် ဆရာဖြစ်သူ အသက်ဆုံးရှုံးလိုက်ရ၏။ဆရာသာ စစ်သခင်နေရာကို ဝင်မကာပေးရင် ဒီအချိန် ရေစက်ချအမျှဝေခံနေရမည့် လူက စစ်သခင်ကိုယ်တိုင်ပါပဲ။

သူ့ဘဝမှာ တစ်သက်တာ မေ့မရသော၊ဖျောက်ဖျက်မရသော အမှားကြီး တစ်ခုကို ကျူးလွန်ပြီးသည့်နောက် နောက်ထပ်ထပ်မှားဖို့ရာ ဝန်မလေး တော့ပေ။

***

ပြင်ဦးလွင်က ခြံကြီးထဲမှာ သူနှင့်မိုင်းက သင်္ကြန်အကြိုဟု

ခေါင်းစဉ်တပ်ပြီး မေမေ ပန်းပင်တွေရေလောင်းရင်အသုံးပြုသည့် ရေပိုက်ကြီးဖြင့် တစ်ယောက်ကိုတစ်ယောက် ရေလိုက်ပက်နေကြသည်။

ထုံးစံအတိုင်း မိချစ်က ဒန်းပေါ်မှာထိုင်ပြီး အေးအေးလူလူ

စာဖတ်နေလျှင် ညီအစ်ကိုနှစ်ယောက် မျက်စပစ်ကာ

မိချစ်ကို ရေပိုက်ဖြင့် ပက်၍ လိုက်စ၏။ဝတ္ထုစာအုပ်ပါမက တစ်ကိုယ်လုံး စိုရွှဲသွားသော မိချစ်က အော်ဟစ်ငိုရယ်ခြင်းမပြုပဲ သူတို့အား မျက်ထောင့်နီ နှင့်ကြည့်ကာ ဒီ့ထပ်ပိုကြီးသော ရေပိုက်ကြီးဖြင့် လိုက်လံပက်လေသည်။

ပြင်ဦးလွင်က အေးလွန်းသဖြင့် တော်တန်ရုံ သူတို့က ရေဖြင့် သိပ်မဆော့ ရပါ။မေမေနှင့်ဖေဖေ ဆိုင်သွားပြီဆိုလျှင် သူတို့ အတွက် လွတ်လပ်ရေးရသ ည့်အလား ခြံထဲမှာ ကဲချင်တိုင်းကဲနေကြဖြစ်၏။အရီးနန်းကလည်း အိမ်မှုကိစ္စများ လုပ်နေရတာကြောင့် သူတို့အမွှာသုံးယောက်ကို မကြည့် အားပါ။

"သားငယ် သားငယ်"

မေမေ့ရဲ့တိုးညှင်းဖျော့တော့သောအသံမှာ ကရုဏာကြီးစိုးလို့နေသည်။ရေပိုက်များဖြင့် ဆော့ကစားထား၍ တစ်ကိုယ်လုံးစိုရွှဲနေသော သူ့လက်ကောက်ဝတ်ကို မေမေက နူးညံ့ညင်သာစွာ လာရောက်ဆုပ်ကိုင်ထားလေသည်။သူ မေမေ့မျက်နှာကို မမြင်ရသော်ငြား မေမေ အရမ်းစိုးရိမ်နေမည်ဆိုတာ သူ့ရဲ့ပင်ကိုယ်စိတ်ဖြင့် သိလိုက်ရသည်။

"သားငယ်"

သူ အိပ်မက်မက်နေတာပါ။ပြင်ဦးလွင်မှာ ရေကစားနေတယ်ဆိုတာ လက်တွေ့လောကမှာမှမဟုတ်ပဲ။သူ အခု Serpent စံအိမ်တော်ကို ရောက်နေသည်။သူ့နောက်ကို ဖေဖေက လိုက်လာ၏။မေမေက ပြင်ဦးလွင်မှာ ကျန်ခဲ့သည်လေ။

သို့သော် သူ့ နှာခေါင်းဝမှာ မေမေဆွတ်နေကျ CoCo Channel ရေမွှေးနံ့ကို ရနေသည်။မေမေက သူ့အား အော်ခေါ်နေသံကိုလည်း နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်လေ။

သူ မျက်လုံးနှစ်ဖက်ဖွင့်လိုက်လျှင် တစ်ကယ်ကို မေမေက

သူ့မျက်စိရှေ့ရောက်လာတာဖြစ်၏။ဆင်စွယ်ရောင်ပါတိတ်ဝမ်းဆက်ဝတ်ဆင်၍ ဆံပင်ကိုကျောပြင်မှာ ဖြန့်ချထားသည့် အမျိုးသမီးက တကယ်ပဲ သူ့မေမေ ဖြစ်လို့နေတာမို့

"မေမေ"

"သားငယ် မင်း မေမေ့ကို တကယ်အသက်တိုအောင်လုပ်နေတာပဲ.....မြန်မာပြည် ပြန်လာတာ တစ်ပတ်မပြည့်သေးဘူး....ဒီဒဏ်ရာက ဘာလဲ"

အင်္ကျီမဝတ်ပဲ အပေါ်ပိုင်းကိုယ်ဗလာဖြင့်အိပ်စက်လိုက်တာကိုက သူ့မဟာ အမှားဖြစ်လေသည်။မေမေက ရင်ဘတ်မှပတ်တီးစည်းနှောင်ထားတာတွေ့ ပြီး လက်ညှိုးထိုး၍ မေးလျှင် သူ ရုတ်တရက် နှုတ်ဆိတ်သွားရ၏။

ဖေဖေနှင့်မေမေက နာရီအပိုင်းအခြားလောက်ပဲကြာကာ သူ့ကို တစ်ယောက်တစ်လှည့် အံ့အားသင့်အောင် လုပ်နေကြသလိုပါ။ဒီလိုဆိုလည်း နှစ်ယောက်သား အတူစုလာကြပါလားဟု တွေးနေစဉ်မှာပဲ တံခါးဖွင့်လာသော ဖေဖေ့ကို တွေ့ရလေသည်။

"ချစ်ခြင်း! မင်း ဒီကို ဘယ်လိုဖြစ်ပြီးရောက်လာတာလဲ"

"ချစ်ခြင်း ဘယ်လိုရောက်လာလဲ အရေးမကြီးဘူး....သားငယ်ကို ပြန်ခေါ်လာမယ်ဆိုတဲ့ ကိုကြီးကသာ သားငယ် ဒဏ်ရာရတာကို လက်ပိုက်ကြည့်နေတာလား"

"ကိုယ်တို့ အခန်းထဲမှာ ပြောကြရအောင်..... အခု ဇ အနားယူပါစေဦး"

"ဟင့်အင်း မလိုက်ဘူး....ချစ်ခြင်း သား ဘေးနားမှာပဲ နေမှာ"

ဆင်ဝင်အောက်မှာ Rolls Royceတစ်စီးရပ်ထားတာကိုတွေ့၍ နံပါတ်ပြားကိုကြည့်လိုက်သည့်အခါ အိမ်ကကားဖြစ်နေလေသည်။ချစ်ခြင်းကို တစ်ယောက်တည်းထားခဲ့ရတာ စိတ်ထင့်နေပမယ့် ချစ်ခြင်းက တစ်ယောက်တည်း Sနယ်မြေကို ကိုယ်တိုင် ကားမောင်းလာခြင်းဖြင့် သူ့အား နှလုံးရောဂါရစေခဲ့သည်။

သူ ထိုကားကိုတွေ့ပြီးမှ 'မဒမ် ခုလေးတင် ရောက်လာပါတယ်'ဟု ဗညားက လာပြောတာမို့ အပေါ်ထပ်တက်လာလျှင် ထင်သည့်အတိုင်း ဇ အခန်းထဲမှာ ရောက်နေလေ၏။

"မေမေ ကျွန်တော် အဆင်ပြေတယ်.....ဒီဒဏ်ရာကလည်း သေစေ

လောက်တဲ့ဒဏ်ရာ မဟုတ်ပါဘူး....အဲဒါကြောင့် ဖေဖေနဲ့ လိုက်သွားလိုက်နော်"

ချစ်ခြင်း သားဘေးမှာ နေချင်ပေမယ့် အနှောင့်အယှက်ဖြစ်မှာ စိုးတာကြောင့် ဘာမှဆက်မပြောပဲ အခန်းထဲက ထွက်လာခဲ့သည်။သားက ချစ်ခြင်းမတွေ့ရသည့် နှစ်နှစ်အတွင်း တော်တော်ပြောင်းလဲသွားခဲ့၏။

မူးယစ်ရာဇာအကျော်အမော်ဖြစ်ခဲ့သော ကိုကြီးကိုယ်ပေါ်မှာပင် တက်တူးလုံးဝမရှိသော်ငြား ဇ ရဲ့လည်ပင်းညှပ်ရိုးမှာ သံလွင်ခက် တက်တူးက ထင်းနေသည်။ထို့ပြင် ဘယ်ဘက်လက်လေးချောင်းရဲ့လက်ဆစ်ထိပ်များပေါ်တွင် သရဖူပုံ၊လိပ်ပြာပုံ၊ကြယ်ပုံနှင့် လခြမ်းကွေးပုံတို့က နေရာယူထားသည်။ညာဘက်လက်က လက်ချောင်းထိပ်များတွင်တော့ K I N G ဆိုသည့် စာလုံးကို အက္ခရာကြီးများဖြင့် ထိုးသွင်းထား၏။

"ချစ် ကိုယ့်ကို စိတ်ပူပြီးသေအောင် လုပ်နေတာလားကွာ....ဘာလို့ Sနယ်မြေကို တစ်ယောက်ထဲလိုက်လာတာလဲ၊ မတော်တဆ လမ်းမှာ တစ်ခုခုဖြစ်သွားခဲ့ရင်"

"ကိုကြီး သားငယ်ကို ပြင်ဦးလွင်ခေါ်မလာနိုင်ဘူးဆိုတာ ချစ်ခြင်း သိလို့ လိုက်တာတာ....ဒါနဲ့ နေပါဦး၊ ဇ အဲဒီကောင်လေး ဘယ်တွေသွားပြီး ဘာတွေလုပ်လို့ ဒဏ်ရာရတဲ့အဆင့်ထိဖြစ်လာတာလဲ....သေနတ်ဒဏ်ရာလား ကိုကြီး"

အခန်းထဲသို့ရောက်သည်နှင့် ချစ်ခြင်းက တရစပ် မေးခွန်းတွေပဲ မေးနေတာမို့ သူ စိတ်ကျဉ်းကျပ်သွားသည်။သူ ဖွင့်ပြောလိုက်လျှင်လည်း ချစ်ခြင်းက အပြစ်တင်မည်။မပြောပြန်လျှင်လည်း သူ့ကို တပူပူတစာစာလုပ်နေဦးမည်လေ။ဒါကြောင့် နှုတ်ဆိတ်၍ စဉ်းစားနေသော်လည်း ချစ်ခြင်းက သူ့လက်ဖဝါးတို့ကို ဖျစ်ညှစ်လိုက်တာမို့

"အဲဒီ့ကောင် တောထဲမှာ ဝံပုလွေကိုအမဲလိုက်လာတာ....

ညကြီးမိုးချုပ်ဆိုတော့ တောထဲက တစ်ယောက်က အထင်မှားပြီး သူ့ကို ဓားမြှောင်နဲ့ ပစ်လိုက်တယ်လေ....ဒါပေမဲ့ သိပ်မပြင်းပါဘူး ရှပ်ထိသွားရုံ လောက်ပါပဲ"

"ဘုရားရေ! ဇ က ဝံပုလွေတစ်ကောင်ဖမ်းဖို့အရေး တောထဲထိ အမဲလိုက် သွားတယ်ပေါ့....အဲဒီ့ကောင်လေး သေနတ်မကိုင်တတ် ဘာမကိုင်တတ်နဲ့ ကွယ်....သားငယ် သွားတဲ့အချိန် ကိုကြီးရော ရှိမနေဘူးလား၊ ကိုသခင်က ရော သူ့ကိုမတားဘူးပေါ့"

"ကိုယ်က မင်း သားထွက်သွားပြီးမှ ရောက်လာတာ....ဇ စိတ်ကို ချစ် လည်းသိရဲ့သားနဲ့၊ သူတို့အမွှာတွေက သူတို့ဦးလေးကို ကစားစရာအရုပ် လောက်ပဲ မြင်တာလေ....သခင်တားတော့ရော ရမှာမို့လို့လား"

သူ ချစ်ခြင်းကို လျှို့ဝှက်ထားတာတွေတော်တော်များသည်။ဇ သေနတ်ပစ် တတ်တာ၊ဆေးချတတ်တာ၊နိုင်ငံခြားမှာ ပြဿနာရှာခဲ့တာတွေကို သူ ချစ် ခြင်းအား လုံးဝပေးမသိထားပါ။

ဇ ဆိုးသွမ်းတာတွေကိုသာ ချစ်ခြင်းကို ဖွင့်ပြောလိုက်လျှင်

ချစ်ခြင်း ဆယ်ခါပြန်မေ့လဲသွားလောက်သည်။သူက သား

တစ်ယောက်ကို ထိန်းကျောင်းခဲ့တာမဟုတ်ပဲ ခြသေ့်ပေါက်စတစ်ကောင် ကို မွေးမြူခဲ့တာပါလား။

***

"မီး နင် အခုတလော အပြင်မထွက်နဲ့.... ငါတို့ မြောက်ဖက်ပိုင်းက တောအုပ်ကို Serpent က ဂိုဏ်းသားတွေ ကျူးကျော်သွားတယ်"

အစ်ကိုသောကက လပြည့်ညကအကြောင်းနှင့်ပတ်သက်ပြီး မီးကို သတိ

လာပေးသောအခါ မသိသလိုသာဟန်ဆောင်ခဲ့၏။ထိုညတစ်ညလုံး မီး တောအုပ်ထဲမှာရှိနေသော်လည်း ကံကောင်း၍ အစ်ကိုသောကတို့အုပ်စုနှင့် မတွေ့ခဲ့ပါ။

မိုးသောက်ချိန် မီး နိုးလာတော့ ဦးနှင့်ပေါက်စီက ထွက်ခွာသွားလေသည်။ လှိုဏ်ဂူထဲမှာ မီးတစ်ယောက်တည်း ကျန်ခဲ့ရင်း နေမထွက်ခင် အဆောင်ကို လူမသိသူမသိ ခိုးပြန်ခဲ့ရတာပင်။

"အစ်ကိုတို့က Serpent က လူတွေမှန်း ဘယ်လိုသိလဲဟင်"

"သူတို့ကျည်ဆံတောင့်နဲ့လက်စွပ်တစ်ကွင်း အခင်းဖြစ်ပွားတဲ့နေရာမှာ ကျန်ခဲ့တယ်.....အဲဒီ့ကျည်ဆံတောင့်မှာ S ဆိုတဲ့ အက္ခရာထွင်းထား တယ်.....Sအက္ခရာထွင်းထားတဲ့ ကျည်ဆံကိုအသုံးပြုတာ တစ်ဂိုဏ်းပဲရှိ တယ်လေ"

အစ်ကိုသောကပြောတာကို ခေါင်းညိတ်နားထောင်ရင်း ဦးက Serpent ဂိုဏ်းသားလားဟု သံသယဖြစ်မိသွားသည်။ဦးက ဘယ်နယ်မြေခံဖြစ်ဖြစ် အရေးမပါဘူးဟုပြောထားပေမယ့် ကျားအုပ်စုက ဖြစ်သည့်ပြင် Serpent ကို သေလောက်အောင် နာကျည်းမုန်းတီးနေသော မီးကတော့ ဦးဟာ Serpentက မဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းနေရ၏။

"မီး နင့်ကလေးကို သူတို့ဖမ်းသွားတဲ့အတွက် စိတ်မကောင်းဖြစ်နေမှာပေါ့ နော်....နင် မပူပါနဲ့၊ ဒီအစ်ကိုက သေချာပေါက် Serpentဂိုဏ်းကို သွေး မျက်ရည်ကျအောင် လုပ်ပေးမယ်"

"ဒါနဲ့ ဆရာသွေးသစ် ပြန်လာပြီဆို အစ်ကိုသောက.... ဆရာရော ဒီမစ်ရှင် မှာ ပါမှာတဲ့လားဟင်"

"ကျိန်းသေပါမှာပေါ့....ဆရာက စစ်သခင်ကို အရှင်ရရ အသေရရ ဖမ်းချင်

နေတာ..... Serpent မှာလည်း စစ်ဘုရင်တို့သားအဖရောက်နေပြီဆိုတော့ မကြာခင် တိုက်ပွဲအကြီးအကျယ် စတော့မယ် မီး"

စစ်ဘုရင်ဆီက အုပ်ချုပ်မှုရယူခဲ့သည့် စစ်သခင်လက်ထက်မှာ မီးက မိဘမဲ့ခဲ့ရတာဖြစ်၏။ဒ့ါအပြင် စစ်သခင်ဆိုသည့်လူက မုန်တိုင်း ဟန်ဆောင်ရင်း ကျားအုပ်စုကို သူလျှိုအဖြစ်ဝင်ရောက်ကာ ညာလက်ရုံး ဘယ်လက်ရုံးဖြစ်သော ရုပ်ပျို့ကို ပြန်ပေးဆွဲခဲ့သည်ဟု ဆို၏။

ခြေလက်နှစ်ဖက်ပြတ်သွားရုံတမယ် ကျန်ခဲ့သော ကျားအုပ်စုက ထိုစဉ်က အခြေအနေယဲ့ယဲ့မျှသာကျန်ရှိပြီး ပြာပုံထဲက မနည်းကုန်းရုန်းထလာရတာပင်။

ကျားအုပ်စုမှာ ရုပ်ပျို့၏တပည့်က ပြန်ရောက်ရှိလာသလို

Serpentမှာလည်း ယခင်ဂိုဏ်းချုပ်က ပြန်ခြေချနေသည်ဆိုတဲ့သတင်းကြောင့် မကြာခင် ပွဲကြီးပွဲကောင်းကြားရတော့မည်လေ။

***

အခန်း(5)

မီး စားမြှောင်ပစ်နေပေမယ့် စိတ်ကတော့ တခြားကိုရောက်နေတော့သည်။မကြာခင် လပြည့် ရောက်တော့မည်ဖြစ်သော်လည်း အခုတလော ရုံးချုပ်ထဲမှာ အစောင့်အကြပ်တွေ တိုးမြှင့်ချထားသည့်အပြင် တောအုပ်ထဲကို နေ့ရောညပါ ကင်းလှည့်နေကြသဖြင့် မီး အတွက် အပြင်ကို ထွက်ချင်တိုင်းထွက်လို့မရတော့ပါ။

လပြည့်ညကျရင် ဦးက ပေါက်စီကိုခေါ်ပြီး ဆုံနေကျနေရာမှာ ဆုံမည်ဟု ပြောထားတာကြောင့် ကတိလည်းမဖျက်ချင်ပါ။ပေါက်စီရဲ့မျက်လုံးဒဏ်ရာက သက်သာလားဆိုတာကိုလည်း သိချင်နေမိသည်။

"နတ်သမီး လာဦး"

သခင်ကြီးက အော်ခေါ်လိုက်သည့်အခါ လက်ထဲကစားမြှောင်ကို ချရင်းသစ်ပင်ရိပ်ထဲသို့ သွားလိုက်သည်။သခင်ကြီး ဦးယက္ခရဲ့ဘေးမှာ လွန်ခဲ့သည့်တစ်ပတ်က ရောက်လာသော ဆရာသွေးသစ်လည်း ရှိနေ၏။

ဆရာသွေးသစ်က ကျားအုပ်စုမှာပဲ အခြေချတော့မည်ဖြစ်ကြောင်းနှင့် တပည့်တွေကို ကိုယ်တိုင်ထိန်းကျောင်းပေးမည်ဟု အစ်ကိုသောကက ပြောသွားသေးသည်။

"သွေးသစ် သူက ကျားအုပ်စုက လက်ရှိ မိန်းကလေးတွေထဲမှာ ရုပ်ပျိုခြေရာကို လိုက်နိုင်တဲ့ တစ်ဦးတည်းသော မိန်းကလေးပဲ....ငယ်သေးပေမယ့် အရည်အချင်းရှိတယ်..... သင်ပေးတာထက်ပိုပြီး တတ်လွယ်တာကြောင့်

ငါတို့ ထမင်းဖိုးကုန်ရကျိုးနပ်တာပေါ့ကွာ"

"နတ်သမီး မင်း ချစ်ခြင်းမေတ္တာကို အယုံအကြည်ရှိလား"

ဆရာသွေးသစ်က အမြဲတစေ မျက်နှာကမာကျောခက်ထန်နေတာကြောင့် တချို့ဂိုဏ်းသားတွေကတောင် ကြောက်ရွံ့ရသည်။သူရောက်လာသည့် တစ်ပတ်အတွင်းမှာပင် သူ့ဖြစ်တည်မှုကြောင့် တချို့ဂိုဏ်းသားတွေ နေစရာမရှိပဲ ပျာယာခတ်နေကြတာပင်။

မီးကတော့ ဘာအမှားမှလုပ်မထားတာကြောင့် ဆရာ့ရဲ့

မျက်လုံးများကို စူးစိုက်စွာ ပြန်ကြည့်လိုက်ကာ

"မီး ချစ်ခြင်းမေတ္တာကိုမယုံပါဘူး.... ချစ်ခြင်းမေတ္တာက ကမ္ဘာပေါ်မှာ ရှိမလာသင့်တဲ့အရာလို့ပဲ ထင်ပါတယ်"

"မင်းနဲ့တစ်ထေရာတည်းတူတဲ့ မိန်းမတစ်ယောက် ကမ္ဘာမြေကြီးရဲ့ဒီနေရာမှာ ရှိခဲ့ဖူးတယ်....သူလည်း အစက ချစ်ခြင်းမေတ္တာကို အယုံအကြည်မရှိခဲ့ဘူး.....ဒါပေမဲ့ ယောကျ်ားတစ်ယောက်ကြောင့် သူ့အသက်ကိုတောင် ပေးဆပ်လိုက်တဲ့ထိ ဖြစ်သွားတယ်"

ထိုအမျိုးသမီးက ဒေါ်ရုပ်ပျိုကိုရည်ညွှန်းမှန်းသိနေသော်လည်း မီး နှုတ်ဆိတ်စွာ နားထောင်နေလိုက်သည်။နှစ်နှစ်ဆယ်အတွင်း Serpent ဂိုဏ်းက အင်အားကြီးထွားလာတာနှင့်အတူ ကျားအုပ်စုကတော့ ဘေးကျပ်နံကျပ်ဖြစ်နေတာမို့ ယခင်ကထက်ပင် ဂိုဏ်းသားတွေကို ပို၍ စိစစ်ရွေးချယ်လာခဲ့၏။

နိုင်ငံခြားမှ လက်ရွေးစင်ကြေးစားတွေကိုပါ ခေါ်ယူငှားရမ်းနေသည်ဟုလည်း ကြားသိထားရတာကြောင့် ပြိုင်ဖက်Serpentရဲ့အရှိန်အဝါက ဘယ်လောက်ထိသြဇာညောင်းနေပြီလဲ တွေးလို့ရနေပါပြီ။

"မီးကတော့ သူ့လိုဖြစ်လာမှာမဟုတ်ဘူး.... မီး Serpent ကို

နာကျည်းမုန်းတီးတဲ့စိတ်က ကျားအုပ်စုSerpent ကို ကလဲ့စားချေချင်တဲ့စိတ်ထက် အဆပေါင်းများစွာ ပိုပြင်းထန်ပါတယ်၊ အဲဒါကြောင့် မီးကို အထင်သေးမရှုံ့ချပါနဲ့"

"မင်း စိတ်ဓာတ်ခိုင်မာပြတ်သားရင် Serpentကို နွှဲမယ့်ပွဲမှာ ငါတို့ မင်းကို ဇာတ်လိုက်နေရာက ထည့်ပေးမယ် နတ်သမီး....မင်း စိတ်ဓာတ်ပျော့ညံ့သွားလို့ လုံးဝမဖြစ်ဘူး"

"အဲဒီ့နေ့ကို မီး စောင့်နေပါ့မယ်"

Serpentဂိုဏ်းကို မီး လက်နှင့်ကိုယ်တိုင် သုတ်သင်ဖြိုခွင်းနိုင်ဖို့က ဘဝမှာ တစ်ခုတည်းသော ပန်းတိုင်ဖြစ်သည်။အားလုံးက ကိုယ် စိုက်ပျိုးခဲ့တဲ့ ကောက်ကို ကိုယ်ပဲပြန်ရိတ်သိမ်းရမှာမလား။

Serpent ဂိုဏ်းက စိုက်ပျိုးထားတာတွေကို နတ်သမီးကိုယ်တိုင်ရိတ်သိမ်းပေးမည်။မကြာခင် ထိုနေ့ကိုရောက်လာစေရမည်ပင်။

***

လက်ကိုင်ပုဝါအဖြူရဲ့ထောင့်စွန်းမှာ ဇေဒါဖျော့ရောင်ပန်းပွင့်ကို ချည်ဖြင့်ရေးထိုးထားလေသည်။သူကလည်း ယောကျာ်းလေးဆိုတော့ ပန်းဆိုရင်နှင်းဆီပန်းလောက်ပဲ သိလေသည်။ကလေးမလေးပေးခဲ့သော လက်ကိုင်ပုဝါကို ပင်မင်းဆိုင်မှာအပ်ပြီး ပြန်ရလာတော့မှ ထိုလက်ကိုင်ပုဝါရဲ့ထောင့်မှာ ပန်းပုံကို ချည်ဖြင့်ရေးဆွဲထားမှ မြင်ရ၏။

ပေါက်စီက မျက်လုံးတစ်ဖက်ကန်းသွားခဲ့သည်။စံအိမ်တော်ကို စခေါ်လာချင်းတုန်းက အော်ဟစ်သောင်းကျန်းခဲ့သော်လည်း လှောင်ချိုင့်ကြီးနှင့်ထားပေးပြီး အစားကောင်းတွေအသောက်ကောင်းတွေ ပုံမှန်ကျွေးတော့ တစ်

ပတ်အတွင်း ပို၍ဝဖြိုးလာကာ ဖိမ်ကျနေသည်ပင်။

"သားငယ်"

မေမေက တံခါးခေါက်၍ အခန်းထဲသို့ဝင်ရောက်လာသည့်အခါ လက်ကိုင်ပုဝါကို ဘောင်းဘီအိတ်ထဲ လုံးချေထည့်လိုက်၏။မေမေနှင့်ဖေဖေက သူ့ဒဏ်ရာ အကင်းမသေသေးသဖြင့် ဘာမှဆူပူခြင်းမရှိသော်ငြား တစ်ပတ်အတွင်း သူ့ကိုခေါ်ပြီး Serpentစံအိမ်တော်မှ ပြန်လည်ထွက်သွားနိုင်ချေရှိသည်။

"ညနေစာ ဘာစားမလဲ....သား ငယ်ငယ်က အရမ်းကြိုက်တဲ့
ကြက်တောင်ပံကြော်ပေးရမလား....ဒါမှမဟုတ် မေမေတို့
အပြင်မှာ ညစာထွက်စားကြမလား"

"ကျွန်တော် ညနေ ပေါက်စီနဲ့လမ်းလျှောက်ထွက်မလို့.... ညစာကို ဖေဖေနဲ့ပဲ နှစ်ယောက်တည်းစားလိုက်တော့နော်"

"သား Serpent မှာ စတည်းချဖို့ဆုံးဖြတ်ချက်က ခိုင်မာသွားပြီလား....အဲဒါကြောင့် မေမေနဲ့ဖေဖေ့ကို သူစိမ်းလိုမျိုး ဆက်ဆံနေတာပေ့ါလေ"

မေမေက ထိုကဲ့သို့ မေးလာသည့်အခါ သူ နှုတ်ဆိတ်နေမိသည်။ငယ်စဉ်တည်းက အမွှာသုံးယောက်မှာ မိဘတွေကို ပိုခွဲခွဲနွဲ့ခဲ့သူက သူပဲဖြစ်၏။သို့သော် ယခု မိဘတွေနှင့်ဆက်ဆံရေးကြဲသွားသူကလည်း သူပင်။

မေမေကတော့ အိပ်ချိန်မှလွဲ၍ သူ့နားမှာပဲ တချိန်လုံးကပ်တွယ်နေတတ်တာမို့ ဖေဖေတောင်ပြောယူနေရသည်လေ။သူ အပြင်ထွက်ပြန်လျှင်လည်း လေစိမ်းတိုက်ခံရမှာစိုးလို့၊ အခန်းထဲအောင်းနေပြန်တော့လည်း အောင်းနေလို့နှင့် မေမေသည်ပင် ရပ်ကွက်ထဲကအဒေါ်ကြီးတွေလို ဖြစ်နေပါပြီ။

"ကျွန်တော် ဒုစရိုက်ဂိုဏ်းထဲဝင်တာကို မေမေက စိုးရိမ်တာလား.....ကျွန်

တော့်အသက်အန္တရာယ်ထိခိုက်မှာကို စိုးရိမ်တာလား"

"သားကိုယ်သား 'ကျွန်တော်' လို့ ပြောတာနဲ့တင် မေမေ့ရင်ဘတ်ထဲအောင့်နေတာ....သား ဆူးခင်းလမ်းရွေးလျှောက်မှာကို မေမေလက်ပိုက်ကြည့်မနေနိုင်ဘူး....သားဖေဖေလို ဂိုဏ်းထဲမှာမွေး ဂိုဏ်းထဲမှာကြီးလာတဲ့လူတောင် အတိုက်အခိုက်တွေအများကြီးပဲ....အခု သား Serpent ကိုရောက်နေပြီဆိုတဲ့ သတင်းနဲ့တင် တချို့ဂိုဏ်းတွေက အမဲဖျက်ဖို့စောင့်နေကြပြီ"

"ကျွန်တော် အသက်နှစ်ဆယ်ကျော်နေပြီ မေမေ.....အရင်ကလို မေမေတို့နားမှာ ပေါက်တက်ကရထိုင်ပြောတတ်တဲ့ ကလေးမဟုတ်တော့ဘူး....ကျွန်တော့်ဘဝ ကျွန်တော့်ဘာသာထိန်းကျောင်းမယ်"

'ဇ ပြောင်းလဲသွားပြီ' ဟု ကိုကြီး ပြောတုန်းက ချစ်ခြင်း

မယုံခဲ့ပါ။အခု ချစ်ခြင်း မျက်ဝါးထင်ထင်တွေ့ရတော့မှ

သားငယ်က တခြားလူတစ်ယောက်လို လုံးလုံးလျားလျား

ပြောင်းလဲသွားမှန်း သိရ၏။

သူ့အဖေအတိုင်း စိတ်မြန်လက်မြန်နှင့် အောက်ထပ်ဆင်းသွားပြီး ပေါက်စီဟုခေါ်သည့် ဝံပုလွေကို ညနေဘက်လမ်းလျှောက်ထွက်ပေးတော့ ချစ်ခြင်းရင်ထဲမောလျသွားပြန်သည်။အဖေပြောတာလည်း လက်သင့်မခံ၊အမေ့ကိုလည်း ရှောင်နေပြီး ဒီကလေး တကယ်ပဲ သူ့ဆုံးဖြတ်ချက်အတိုင်း တဇွတ်ထိုးတော့မည်ထင်၏။

"ချစ် ဘာဖြစ်လို့လဲ"

"ဟင့်အင်း မဖြစ်ပါဘူး"

ကိုကြီးက ဘေးနားမှာလာရပ်တော့ ခေါင်းခါပြကာ အိမ်ထဲ

ပြန်ဝင်လာလိုက်သည်။သားငယ်ကို ကိုကြီးအကြောင်းပြောပြပြန်ရင်

လည်း အချင်းချင်း စိတ်မောရရုံပဲ အဖတ်တင်မှာကြောင့် ရေငုံနှုတ်ဆိတ်သွားရသည်။

သားကြီး မိုင်းက နောက်ဆုံးစာမေးပွဲဖြေဆိုပြီးလျှင် ဘော်စတွန်မှာပဲ အလုပ်ဝင်ဖို့ပြင်မည်ဟု မိဘနှစ်ပါးကို လှမ်းအကြောင်းကြားသည်။ဟားဗတ်မှာကျောင်းတက်နေသည့် အချစ်လေးကတော့ သုတေသနစာတမ်းပြုစုရမှာဖြစ်သဖြင့် မိဘတွေနှင့် သိပ်အဆက်အသွယ်မရှိပါ။

သားငယ်ဖြစ်သူ ဇ ကတော့ ကျောင်းပြီးဖို့တစ်နှစ်အလိုမှာ မြန်မာနိုင်ငံကို ပြန်လာပြီး မိဘတွေကိုရော ဦးလေးပါမကျန် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရအောင် လုပ်နေတော့သည်။

"ကိုကြီးနဲ့မရီး ရုံးခန်းကိုခဏလိုက်ခဲ့ပါဦး..... ကျွန်တော် အရေးကြီးကိစ္စပြောစရာရှိလို့ပါ"

ကိုသခင်က ချစ်ခြင်းနှင့်ကိုကြီးကို လှမ်းခေါ်သည့်အချိန်

အကြည့်ချင်းဆုံသွားတော့သည်။ချစ်ခြင်းတို့မှာ သားငယ်ထက် ပိုပြီး အရေးကြီးကိစ္စများရှိနေသလား။

***

လပြည့်ညမှာ ကလေးမလေးနှင့်ချိန်းဆိုထားသည့်အတွက်

Serpent စံအိမ်တော်ကပိုင်သော တောအုပ်ကြီးမှတဆင့်

မြောက်ဖက်ပိုင်းကို ဖြတ်သန်းသွားလာရသော်လည်း ဘာဖြစ်လို့မှန်းမသိ ထင်ထားတာထက်ပင် အစောင့်အကြပ်တွေက များပြားလွန်းသည်။

လည်ပတ်ကြိုးဖြင့်ချည်နှောင်ထားသော ပေါက်စီက အနံ့ခံ

ကောင်းလွန်းတာကြောင့် အစောင့်အကြပ်တွေနှင့်ဝေးသည့် ဖြတ်လမ်းမှ လာခဲ့သော်လည်း တောအုံကြိုကြားမို့လို့

အချိန်နှောင့်နှေးကြန့်ကြာခဲ့လေသည်။

မြောက်ဖက်တောအုပ်ပိုင်းကို ရောက်သည့်အချိန် နာရီကြည့်လိုက်တော့ည ရှစ်နာရီထိုးဖို့ ငါးမိနစ်သာလိုတော့၏။သူ့ဘေးမှာ အမြီးတနှံ့နှံ့လုပ်နေသော ပေါက်စီရဲ့လည်ဆံမွေးတွေကိုဖွာပစ်လိုက်ကာ

"ငါ့ကောင်က တော်လိုက်တာကွာ.....အိမ်ပြန်ရောက်ရင် မင်းကို အစာကောင်းကောင်းကျွေးမယ် သိလား"

မိုးမခင်ပင်ကြီးနားသို့အရောက် ကိုယ်ရှိန်ကိုယ်ဝါတောက်ပလျက်ရှိသော ပုံရိပ်တစ်ခုကြောင့် သူ ခြေလှမ်းတို့တုံ့ဆိုင်းသွားကာ နတ်သက်ကြွေလာသော နတ်မိမယ်လေးကို အတိုင်းသားငေးကြည့်မိ၏။

ထိုကလေးမလေးက အဖြူရောင်ဂါဝန်ရှည်ကိုဝတ်ဆင်ထားပြီး ထုံးစံအတိုင်း နှာခေါင်းကနေမေးအထိ ပုဝါဖြင့်လွှမ်းခြုံထားလေသည်။တွန့်လိမ်ခွေနေသောဆံပင်ရှည်များကိုတော့ ကျောပြင်ထက် ဖြန့်လျက်ချကာ ပုဝါတစ်စဖြင့် ဖဲပြားပုံစံ စည်းနှောင်ထားသည်။။ရိုးရှင်သောဂါဝန်ဖြူကပန်းပွင့်တွေ၊ဇာအနားကပ်တွေမပါပဲ ပုံတုံးသယောင်ထင်ရပေမယ့် ထိုကလေးမလေးဝတ်ဆင်ထားသည့်အခါ မိုးပေါ်က နတ်သမီးတစ်ပါး လူ့ပြည်ကို နတ်သက်ကြွေလာသယောင် ထင်ရ၏။

ရွှေရောင်လွှမ်းနေသော ပိုးစုန်းကြူးများကို ငေးကြည့်နေသည့်သူမက လွန်စွာချစ်ဖို့ကောင်းနေတာကြောင့် သူပါ မသိလိုက်မသိဘာသာဖြင့် ကြောင်ကြည့်နေမိသည်။မှိတ်တုတ်မှိတ်တုတ်လင်းလက်နေသော ပိုးစုန်းကြူးတို့ကလည်း သူမနားမှာ ရစ်သီနေကာ သူမတစ်ကိုယ်လုံးကို အလင်းရောင်များပံ့ပိုးပေးလျက်ရှိ၏။

"ဦး"

ထိုကလေးမက သူ့အားမြင်သည်နှင့် မျက်နှာတစ်ခြမ်းလှည့်၍ နှုတ်ဆက်ခြင်းပြုသည်။သူမမျက်နှာကို သေချာမမြင်ရသော်ငြား မျက်လုံးများ မှိတ်လုနီးပါးဖြစ်သွားသောပုံရိပ်ကြောင့် ထိုကလေးမ ရယ်မောနေသည်ဆိုတာ တပ်အပ်ပြောနိုင်ပါသည်။

"တောထဲမှာ အစောင့်အကြပ်တွေအများကြီးပဲ.....ဦး မလာတော့ဘူး တောင် ထင်နေတာရယ်"

"သူငယ်ချင်းကောင်းတွေက ဘယ်တော့မှကတိမဖျက်ကြဘူးလေ.....ကိုယ်တို့ လပြည့်ညဆုံကြရအောင်လို့ ကလေးမလေးကို ကတိပေးထားတာပဲ..... သေချာပေါက် လာရမှာပေါ့"

"မတွေ့ရတဲ့တစ်ပတ်အတွင်း ပေါက်စီက ဝဖြိုးလာလိုက်တာ.....ပေါက်စီနှင့် တော်တော်ပျော်နေတယ်ပေါ့လေ ဟုတ်လား"

ပေါက်စီရဲ့လည်ဆံမွေးတွေကို ပွတ်သပ်ပေးလျှင် မျက်လုံးများမော့၍ မီးကို ငေးကြည့်နေလေသည်။ဦးက ပေါက်စီကို ဘယ်လောက်တောင် ဝဝလင်လင်ကျွေးထားလဲမသိ။ပေါက်စီက တော်တော်ကို အကောင်ကြီးလာတာဖြစ်၏။

"လရောင်ကိုသောက်သုံးပြီး ရဲစွမ်းသတ္တိကိုဝါးမြိုထားတဲ့

မင်းက မသိရင် သူယောင်မယ်လေးလိုပဲ..... အဲ သူယောင်မယ်ကို အင်္ဂလိပ်လိုဘယ်လိုခေါ်လဲ မသိဘူး....ကိုယ် ကလေးမလေးလို့ပဲ ခေါ်လို့ရလား"

မီးကို ဘယ်သူကမှ 'ကလေးမလေး' ဟု မခေါ်ခဲ့ဖူးပါ။ဒီညလည်း မင်းသားတစ်ပါးလိုချောမွေ့နေသည့် ရွှေဝါရောင်ဆံပင်ဖျော့ပိုင်ရှင် ဦး အား တဒင်္ဂမျှ မော့ကြည့်ရင်း မီးခေါင်းညိတ်လိုက်ကာ

"ဦးဘာသာ ခေါ်ချင်သလိုခေါ်ပါ....မီးအတွက် ကိစ္စမရှိပါဘူး"

ကြိုးတံတားပေါ် နှစ်ယောက်သားလမ်းလျှောက်လာက

လမ်းတစ်ဝက်အရောက် ဦးက ကြိုးတံတားလက်ရန်းပေါ်သို့ တံတောင်ဆစ်တင်၍ ကောင်းကင်ကကြယ်တွေကို ငေးကြည့်နေလေသည်။

ရှပ်အင်္ကျီလက်ရှည်အဖြူရောင်ကို ဂျင်းဘောင်းဘီဖြင့် ရိုးရှင်းစွာဝတ်ဆင်ထားကာ လက်နှစ်ဖက်ကိုယှက်ထားသည့်လက်ချောင်းသွယ်တို့ထက် တက်တူးများက နေရာယူထား၏။

ဘေးတစ်ဖက်ခြမ်းက ကြည့်လျှင်တောင် ဆွဲဆောင်မှုရှိသည့်မျက်နှာက မသိရင် ပန်းပုရုပ်ထုဆစ်ထားသည့်အလား မျက်လုံးများကို ငြိတွယ်လာစေလျက်။သို့သော် ဦးက ရုတ်ချည်းဆိုသလို မီးထံ မျက်နှာလှည့်လာသောအခါ ရှေ့တူရူသို့အကြည့်ပြန်လွှဲလိုက်ရတော့သည်။

"ကလေးမလေးကို လက်ကိုင်ပုဝါပြန်ပေးဖို့မေ့နေတာ၊ ကိုယ် သေချာလျှော်ခိုင်းထားတယ်....ရော့"

စတုရန်းပုံစံသေသပ်စွာခေါက်ထားသော လက်ကိုင်ပုဝါကို

မီးထံကမ်းပေးလျှင် ဦးကိုမော့ကြည့်မိလိုက်သည်။ဦးက

မျက်ခုံးပင့်၍ ထိုလက်ကိုင်ပုဝါကို ယူဖို့ မေးဆတ်ပြပေမယ့် ခေါင်းခါပြလိုက်ပြီး

"ဦးကို လက်ဆောင်ပေးတယ်လို့ပဲ သဘောထားလိုက်ပါ.....

အကယ်၍ နောက် ဒဏ်ရာရခဲ့ရင် ဒီလက်ကိုင်ပုဝါလေးနဲ့ပဲ

စည်းနှောင်ပေါ့....ဒါပေမဲ့ ဒဏ်ရာတော့ မရစေနဲ့ပေါ့နော်"

"ဒါဆို ဒီလက်ကိုင်ပုဝါက ပန်းနာမည်က ဘာလဲ.... ကိုယ့်ကို ပြောပြပေးပါလား"

"lilac ပန်းလေ.....lavender နဲ့ မျိုးဆင်တဲ့ ပန်းပွင့်တစ်မျိုးပေါ့"

သူက ကလေးမရဲ့လက်ကိုင်ပုဝါကို ဘောင်းဘီအိတ်ထဲသို့ တစ်ဖန်ပြန်ထိုးထည့်လိုက်၏။လပြည့်ညဖြစ်သည့်အလျောက် ကောင်းကင်က မဆိုသလောက်လင်းထိန်နေလျက် လက်ဝဲဘက်မှာရပ်နေသော သူယောင်မယ်လေး၏မျက်နှာကို လရောင်ဖြာကျနေ၏။

ကော့တက်နေသောမျက်တောင်နှင့် မဟူရာမျက်လုံးဝိုင်းကိုသာ ပေါ်လွင်စွာပြထားသော်လည်း ထိုကလေးမရဲ့မျက်နှာက သေချာပေါက် ဆွဲဆောင်မှုရှိနေမည်ဟု သူ ထင်နေသည်။

သူမနာမည် 'မီးငယ်' လို့သာသိပြီး ဘယ်မှာနေလဲ ဘာလုပ်လဲဆိုတာ စိတ်မဝင်စားပေမယ့် ကလေးမလေးနှင့်တော့ သူငယ်ချင်းတွေ ဖြစ်ချင်သည်။ထိုကလေးမက တစ်ခါတွေ့ဖူးရုံနှင့် နောက်တစ်ခါထပ်တွေ့ချင်လာအောင် ပြုစားလွန်းသည်ဆိုလည်း မမှားပေ။

"ဦး မျက်နှာမကောင်းပါလားဟင်.... တစ်ခုခုဖြစ်ခဲ့လို့လား"

"အင်း ကိုယ် အိမ်နဲ့အတိုက်အခံဖြစ်နေတယ်..... ကိုယ့်မိဘတွေက ကိုယ်လုပ်ချင်တာကိုပေးမလုပ်ကြဘူးလေ"

"ဘာလို့လဲ"

"ကိုယ်က မကောင်းတဲ့လမ်းကိုရွေးလျှောက်ချင်တာ.....ကိုယ့်မိဘတွေက ကိုယ်အန္တရာယ်ဖြစ်မှာကို စိုးရိမ်နေကြတယ်....အဲဒီ့တော့ နေ့တိုင်း အမေနဲ့အဖေကို မျက်နှာချင်းမဆိုင်ပဲ ရှောင်နေတော့တာပဲ"

ကလေးမလေးနှင့် ယခုမှ ဒုတိယမြောက်တွေ့ဖူးသော်လည်း သူ့ခံစားချက်တွေကို ရင်ဖွင့်ဖို့ အဖော်တစ်ယောက်လိုနေသည်။ကိုယ်နှင့်သက်တူရွယ်တူမဟုတ်သော ကလေးတစ်ယောက်ကို ရင်တွင်းခံစားချက်တွေ ထုတ်ပြော

လိုက်သောအခါ အနည်းငယ်စိတ်သက်သာရာ ရသွားခဲ့၏။ကလေးမက ပုခုံးစွန်းချင်းထိလောက်တဲ့ထိ သူ့နားသို့ ပိုတိုးလာကာ

"အဲဒါ အရမ်းကံကောင်းတာပေါ့ ဦးရဲ့....မီးမှာဆို ကောင်းတာကိုလမ်းညွှန်ဖို့ မကောင်းတာကို ပဲ့ပြင်ထိန်းကျောင်းဖို့ မိဘနှစ်ပါးလုံး မရှိတော့ဘူး.....ဦးမိဘတွေက လမ်းမှားရောက်မှာစိုးလို့ ဆုံးမသွန်သင်နေတာကိုတစ်ခါလောက်နားထောင်လိုက်ပါလားဟင်..... ဦးအတွက် အကျိုးမယုတ်ပါဘူး"

"ကလေးမလေးက ရုပ်လည်းလှသလို စိတ်ထားလည်း

ကောင်းတာပဲကွ.... ကိုယ် ဒီလိုသူငယ်ချင်းမျိုးရတာ အရမ်း

ကံကောင်းတာပေါ့"

"ဟင်.....မီးမျက်နှာကို ဦးမြင်သွားပြီလား"

"မမြင်ပါဘူး..... ဒါပေမဲ့ ကိုယ်က ခန့်မှန်းတတ်တဲ့နေရာမှာ

ဆရာကြီးပဲ....ကလေးမလေးက သေချာပေါက် အလှပဂေးဖြစ်မှာ"

ဦးက မီးနှာခေါင်းဖျားကို လက်ညှိုးကွေး၍ခေါက်လိုက်သည့်အခါ မျက်နှာတပြင်လုံး ပူအမ်းအမ်းဖြစ်သွားသည်။တော်သေးတာက ပုဝါအုပ်ထားတာကတစ်ကြောင်း၊ ညဘက်မို့လို့ မျက်နှာကို ထင်ရှားစွာ မမြင်ရတာကတစ်ကြောင်းမို့ တော်ပါသေး၏။

"ဦး မီးတို့ နောက်လပြည့်ညကျရင်ရော ထပ်တွေ့ကြဦးမှာလားဟင်"

"ကိုယ်ကတော့ တွေ့ချင်ပေမယ့် ကလေးမလေးကိုတော့

ညဘက်တစ်ယောက်တည်း တောအုပ်ထဲထွက်မလာစေချင်ဘူး....မိန်းကလေးတစ်ယောက်တည်း ညဘက် အပြင်ထွက်လာတာ အရမ်းအန္တရာယ်များတယ်လေ"

ဦးက ပေါက်စီရဲ့လည်ပတ်ကြိုးကို လက်မှာကိုင်ထားလျက် မီးကို နှုတ်ဆက်သည်။နောက်ပိုင်း လပြည့်ညတွေ ဦးနှင့်ထပ်မတွေ့ရမှာကြောင့် လက်လေးနောက်ပစ်ကာ နှုတ်ဆိတ်သွားလျှင် အရိပ်အခြည်ကြည့်တတ်သော ဦးက စကားတစ်ခွန်းကို ထပ်မံဖြည့်စွက်၏။

"ကိုယ် နောက်လဆို မွေးရပ်မြေကိုပြန်တော့မှာ.... ကိုယ် မပြန်ခင် နောက်ဆုံးအနေနဲ့ တစ်ခေါက် ထပ်တွေ့ကြမယ်လေ....ဘယ်လိုလဲ"

"ဟုတ် တွေ့မယ်"

"OK....Good night. Have a sweet dream Bae Bae"

ဦးရဲ့ဆုမွန်တောင်းပေးမှုကို မီး လက်ဝှေ့ယမ်းပြကာ အသိအမှတ်ပြုပြု လိုက်သည်။ကြိုးတံတားပေါ်မှာ နှစ်ယောက်သားလမ်းခွဲနှုတ်ဆက်ပြီး ပေါက်စီကိုကြိုးဖြင့်ဆွဲခေါ်သွားသော ဦးရဲ့နောက်ကျောပြင်ကို မီး ငေးကြည့်နေမိ၏။

ဦး Serpent ဂိုဏ်းက မဟုတ်ရင်ရပြီ။Sနယ်မြေက လူမဟုတ်ရင် ရပြီ။

***